# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလှူဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၁၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၁၆၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၄

၂၀၂၂ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက် ပဓာနနာယက ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် ၂၀၂၂ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ် ကော်ရော်အပူဇော်ခံတော်မူကြမည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်


*စာမျက်နှာ ၃ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ ထံ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့** *ဖတ်စရာ*

**အမျိုးသားနိုင်ငံရေးကို အခြေခံပြီး မွေးဖွားလာသည့် တပ်မတော်**
(၇၇) နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး — စာ - ၈

• **ဖိလစ်ပိုင်နိုင်ငံ၌ ဆီနိုဗက် ကိုဗစ် - ၁၉ ကာကွယ်ဆေးကို ကလေးများတွင် အသုံးပြုရန် ခွင့်ပြုပေး**
နိုင်ငံတကာသတင်း — စာ - ၁၄

• **ကာကွယ်ဆေးထုတ်လုပ်မှု မှတ်တိုင်အသစ် Myancopharm**
ဆောင်းပါး — စာ - ၂၀

မြန်မာ့အလင်း

# ထာဝရကာကွယ်သွားရမည့် သစ်တောနယ်မြေများ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဥပဒေနှင့်အညီ အမျိုးသားဥယျာဉ်များနှင့် ကြိုးပြင်ကာကွယ်တောများကို သတ်မှတ်ကြေညာလျက်ရှိသည်။ မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှ ကုန်းမကြီးတွင် အကြီးဆုံးနိုင်ငံဖြစ်ပြီး သစ်တောသယံဇာတကြွယ်ဝခြင်းနှင့်အတူ အပင်မျိုးစိတ်များစွာ၊ ဇီဝမျိုးစုံမျိုးကွဲများစွာတို့လည်း ရှင်သန်တည်ရှိသည်။ မြန်မာနိုင်ငံ နယ်နိမိတ်စုစုပေါင်း၏ ရာခိုင်နှုန်း ၈၀ ကျော်သည် ရေဝေရေလဲဧရိယာအတွင်း ကျရောက်လျက်ရှိရာ နိုင်ငံတစ်ဝန်းတွင် တည်ရှိနေသည့် အဓိကမြစ်ချောင်းများနှင့် ဆည်များ၊ တာတမံများ၏ ရေဝေရေလဲဒေသများတွင် သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်ပြုလုပ်သွားရမည်ဖြစ်သည်။

အမြဲတမ်းသစ်တောနယ်မြေ (Permanent Forest Estate–PFE) တွင် ကြိုးဝိုင်းသစ်တော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးနယ်မြေဟူ၍ အမျိုးအစား သုံးမျိုးပါဝင်ပြီး နိုင်ငံနယ်နိမိတ်စုစုပေါင်း၏ ၃၁ ဒသမ ၁ ရာခိုင်နှုန်း ရှိသည်။ ၁၉၉၅ ခုနှစ် သစ်တောမူဝါဒအရ အမြဲတမ်းသစ်တောနယ်မြေဧရိယာကို ၃၅ ရာခိုင်နှုန်းအထိ တိုးချဲ့ရန် ဆောင်ရွက်လျက်ရှိသော်လည်း တစ်ဖက်တွင် သစ်တောနယ်မြေများ တစ်စထက်တစ်စ လျော့နည်းပျောက်ကွယ်လျက်ရှိသည်။ သစ်တောပြုန်းတီးခြင်း၊ သစ်တောအတန်းအစားကျဆင်းခြင်းတို့နှင့်စပ်လျဉ်း၍ အလွန်အကျွံသစ်ထုတ်ယူခြင်း၊ သစ်တောနယ်မြေများအတွင်း ဝင်ရောက်ကာ သတ္တုတူးဖော်ခြင်း၊ သီးနှံစိုက်ခင်းများ စိုက်ပျိုးခြင်း၊ လူများ ဝင်ရောက်နေထိုင်ခြင်းတို့အပြင် သစ်တောမြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့်ခွင့်ပြုချက်များ ရယူလုပ်ကိုင်နေမှုများမှာလည်း ဧကပေါင်းသန်းနှင့်ချီ၍ ရှိနေသည်။ မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုဧရိယာကျဆင်းသည့် အခြေအနေသည် ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်တွင် ၄၄ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄၃ ဒသမ ၇၃ ရာခိုင်နှုန်း၊ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄၂ ဒသမ ၁၁ ရာခိုင်နှုန်း၊ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၀ ဒသမ ၃၀ ရာခိုင်နှုန်းအထိ နှစ်အလိုက် ကျဆင်းခဲ့သည်ဟု သိရသည်။

အမျိုးသားသစ်တောကဏ္ဍ နှစ် ၃၀ ပင်မစီမံကိန်းအရ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောကို နိုင်ငံ့အကျယ်အဝန်း၏ ရာခိုင်နှုန်း ၃၀ နှင့် သဘာဝကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးနယ်မြေကို နိုင်ငံ့အကျယ်အဝန်း၏ ၁၀ ရာခိုင်နှုန်းအထိ တိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ရာတွင် ရေ မြေ ထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်း၊ မြေဆီမြေသားကောင်းမွန်ခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း စသည့်လိုအပ်ချက်ကို သဘာဝသစ်တောများကသာ အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် သဘာဝတောများကို အစွန့်ရှည်စွာ တည်တံ့ဖွံ့ဖြိုးစေရန်ရည်ရွယ်ခြင်းဖြစ်ရာ ဒေသခံပြည်သူများ သိရှိနားလည်သဘောပေါက်စေရန် လိုအပ်သည်။

သစ်တောနယ်မြေများ လျော့နည်းကျဆင်းရခြင်းသည် သဘာဝတရားကြောင့်မဟုတ်ဘဲ လူတို့ကြောင့်သာဖြစ်သည်။ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်း၊ ဒေသခံပြည်သူများ မသိနားမလည်ခြင်း၊ အဂတိလိုက်စားခြင်း စသည့် အခြေခံအကြောင်းရင်းများပေါင်းစုံ၍ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ရာ သစ်တောနယ်မြေများသတ်မှတ်၍ သစ်တောများ ပြန်လည်ထူထောင်မှုတို့ သမင်မွေးရင်း ကျားစားရင်း မဖြစ်ရလေအောင် သစ်တောများပြုန်းတီး၍ သစ်တောနယ်မြေများ ကွယ်ပျောက်ရခြင်း၏ အခြေခံအကြောင်းတရားတို့ကို ပယ်ရှားနိုင်ပါစေကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၁ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသာဌေး အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၂ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် –

(၁) ဦးသောင်းနိုင်
(၂) ဦးသိန်းကိုကို
(၃) ဒေါ်သင်းသင်းနွဲ့

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရပ်/ကျေးစာရေး အမျိုးသမီးတစ်ဦးအား ရက်စက်စွာ သတ်ဖြတ်မှု”** ခေါင်းစဉ်ဖြင့် မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“စိုးရိမ်ဖွယ်ရာ လူငယ့်ပညာရေးနှင့် အနာဂတ်ကို သင်းသတ်နေသူများ”** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ နှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။**





နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

### ကပ်လှူပူဇော်

အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်နှင့် သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

### ပရိတ်တရားတော်များနာယူ

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

*စာမျက်နှာ ၄ သို့*



## နေ့ဆွမ်း ဆက်ကပ်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက် ပဓာန နာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသ ထံ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



## မြသပိတ်ဆွမ်းတော် ကပ်လှူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော် ကပ်လှူပူဇော်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆရာတော်ထံ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဗန်းမော်ဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က သန်လျင်မင်းကျောင်းဆရာတော်ထံသို့ လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများထံသို့လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးတို့က ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သန်လျင်မင်းကျောင်းဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာနှင့်ဇနီးတို့က ဆရာတော်ထံ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့်ဇနီးတို့က ဆရာတော်ထံ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဆရာတော်ထံ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# အရည်အသွေးကောင်းမွန်သော ရွှေရောင်၊ ငွေရောင်ပုလဲများ စဉ်ဆက်မပြတ် ရေရှည်ထုတ်လုပ်နိုင်ရေးအတွက် အစီအမံများဆောင်ရွက်ထား

နေပြည်တော် မတ် ၁၄

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**



တွေ့ဆုံစဉ်တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးကသစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနှင့် အမျိုးသားဥယျာဉ်များ အချိန်မီ ဖွဲ့စည်းနိုင်ရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်၊ ကမ်းရိုးတန်းဒေသများတွင် ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်းကို အထူးအလေးပေး ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ မိသားစုစိတ်ဓာတ်ဖြင့် မိမိတို့ဆောင်ရွက်ရမည့် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့ရှိ နမ့်ခုံး ကနုကမာ အချောထည်လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည်တနင်္သာရီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ မတ် ၁၃ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းစခန်းရှိ ပုလဲရတနာခန်းမသို့ ရောက်ရှိရာ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပုလဲကျွန်း၏ လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

## ကြိုးပမ်းဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးက အရည်အသွေး ကောင်းမွန်သော ရွှေရောင်၊ ငွေရောင်ပုလဲများ စဉ်ဆက်မပြတ် ရေရှည်ထုတ်လုပ်နိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ထားရှိပြီး ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ မျိုးကောင်းမျိုးသန့်မုတ်ကောင်များ ရရှိရေးအတွက် လုပ်ငန်းအဆင့်ဆင့်တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး သုတေသန ရလဒ်များအပေါ် အခြေခံ၍ လက်ရှိဆောင်ရွက်နေသော ပုလဲထုတ်လုပ်ခြင်း လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး ကြိုးစားဆောင်ရွက်သွားရန်နှင့် မြန်မာ့ပုလဲသည် ကမ္ဘာ့အရည်အသွေး အကောင်းဆုံးထဲတွင် ပါဝင်သဖြင့် နိုင်ငံတကာဈေးကွက်တွင် ယခုထက် ပိုမိုထိုးဖောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပုလဲကျွန်းစခန်းရှိ ပုလဲထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘုတ်ပြင်းမြို့နယ်ရှိ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မကြဲဂုလက် ဆလုံတိုင်းရင်းသား ကျေးရွာတွင် ကျေးရွာသူ/ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဆန်၊ ဆီ၊ ပဲနှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးအပ်ကာ ဒေသခံများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် ပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ်ရှိ ဂျလန်းကျွန်း ပုလဲစခန်းနှင့် ငလုံးလဖယ်ကျွန်း ပုလဲစခန်းသို့ သွားရောက်၍ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ ဝတ်ဆံသွင်းခြင်းနှင့် ပုလဲဖော်ယူခြင်း လုပ်ငန်းများကို လည်းကောင်း၊ ရွှေကျွန်းပုလဲစခန်းနှင့် စိန့်လုဒ်ကျွန်း ပုလဲစခန်းများ၏ မွေးမြူရေးရေပြင်တွင် Surface Long Line System ဖြင့် မုတ်ကောင် မွေးမြူထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦး အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# နယ်စပ်ရေးရာဝန်ကြီးဌာန(ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန)နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်းပြီး သတင်းမှား၊ သတင်းမှန်ခွဲခြားနိုင်စေရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန (ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန)နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်းပြီး သတင်းမှား၊ သတင်းမှန်ခွဲခြားနိုင်စေရေးဆွေးနွေးပွဲကို မတ် ၁၄ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့်အတူ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ ကောင်စီဝင်များဖြစ်ကြသော ဦးသက်နိုင်ဦးနှင့် ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ် မြမ္ဘူ)တို့က သတင်းမှား သတင်းမှန် ခွဲခြားသုံးသပ်နိုင်ရေးအပြင်၊ နိုင်ငံ့ဝန်ထမ်းတိုင်း လိုက်နာကျင့်သုံးရမည့်ဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်များ၊နိုင်ငံသားတိုင်း နိုင်ငံချစ်စိတ်မြှင့်တင်ရေး လိုအပ်ပုံများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ သင်တန်းသား သင်တန်းသူ ၁၆၀ ခန့် တက်ရောက်ပြီး ဆွေးနွေးမှုများအပြီးတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနိုင်က ကျေးဇူးတင်စကားပြောကြားကာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# (၁၉)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေးနှင့် (၁၉)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေးများသို့ တက်ရောက်ရန် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

**နေပြည်တော်  မတ်  ၁၄**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM–19) သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တက်ရောက်ရန် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

အဆိုပါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့တွင် (၁၂) ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး တက်ရောက်မည့် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ (၁၉) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေးသို့ တက်ရောက်မည့် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါသွားကြသည်။



မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ရောက်ရှိကြရာ ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ဒုတိယစစ်ဦးစီးချုပ်၊ သုတေသနနှင့် ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူး Lieutenant General. Hann Sovann နှင့်တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် သူရလှမင်းနှင့် ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ရေနံထွက်ပစ္စည်းများ ဈေးကွက်အတွင်း တရားမဝင် ဖြန့်ဖြူးရောင်းချနေမှုများအပေါ် တားဆီးထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော်  မတ်  ၁၄**

စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ရေနံထွက်ပစ္စည်းများ ဈေးကွက်အတွင်း တရားမဝင်ဖြန့်ဖြူးရောင်းချနေမှုများအပေါ် တားဆီးထိန်းချုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က အမှာစကား ပြောကြားသည်။ ထို့နောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ် ရန်နောင်စိုးနှင့် တာဝန်ရှိသူများက စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ရေနံထွက်ပစ္စည်းများ၊ ဈေးကွက်အတွင်း တရားမဝင်ဖြန့်ဖြူးရောင်းချနေမှုများအပေါ် တားဆီးထိန်းချုပ်နိုင်ရေး ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။



ယင်းနောက် စက်ဆီ၊ ချောဆီနှင့် ဆက်စပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဈေးကွက်အတွင်း ဆင်တူယိုးမှား အတုအပပြုလုပ်ရောင်းချခြင်း၊ တရားဝင်ခွင့်ပြုချက် လိုင်စင်မရှိသော အမှတ်တံဆိပ်များနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနေမှု၊ ဈေးကွက်အတွင်း နာမည်ကျော်ကြားလူသိများသော ကုန်အမှတ်တံဆိပ်များကို အရည်အသွေးမမှန်ကန်သော ကုန်ပစ္စည်းများဖြင့် ဆင်တူယိုးမှားတုပ၍ ဖြန့်ချိရောင်းချခြင်းများအပေါ် ဖော်ထုတ်အရေးယူပေးရန် တင်ပြသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအနေဖြင့် တစ်နိုင်ငံလုံးတွင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းပေးတိုင်ကြားနိုင်သော ဖုန်းနံပါတ်များ၊ E–mail လိပ်စာများ ကြေညာထားကြောင်း၊ သတင်းအရစစ်ဆေးခြင်း၊ ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ တရားဝင်လမ်းကြောင်းပေါ်မှ တရားဝင် အခွန်ပေးဆောင်တင်သွင်းကြသော ကုန်သည်လုပ်ငန်းရှင်များအတွက် ဆုံးရှုံးနစ်နာမှုမရှိစေရေး တရားမဝင်လုပ်ကိုင်နေမှုများအပေါ် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းပေးတိုင်ကြားမှုများ ပြုလုပ်ပေးရန်ဖြစ်ကြောင်း ဆွေးနွေးသည်။

တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ တရားမဝင် ကုန်သွယ်မှုသတင်းများ၊ ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုဆိုင်ရာ သတင်းများအား တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ တယ်လီဖုန်းအမှတ်၊ ၀၆၇–၄၀၉၈၈၀၁၊ ၀၆၇–၄၀၉၈၈၀၃၊ ၀၉–၄၀၄၃၃၉၉၆၉၉၊ ၀၉–၆၉၉၆၁၁၁၁၆၊ ဖက်(စ်) အမှတ်၊ ၀၆၇– ၄၀၉ ၈၈၇၊ ၀၆၇–၄၀၉ ၈၈၆ နှင့် အီးမေး(လ်) antiillegaltradeoffice@gmail.com များသို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  မတ်  ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် Mask ၁၆ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရေချိုးတာရေး နည်းလမ်းများ

- ❒ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❒ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

(၇၇) နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အမျိုးသားနိုင်ငံရေးကို အခြေခံပြီး မွေးဖွားလာသည့် တပ်မတော်

*အညတြ*

**၂၀၂၂ ခုနှစ် (၇၇) နှစ်မြောက် တပ်မတော်နေ့။**

လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်ကာလ၊ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့၌ စတင်ဆင်နွှဲခဲ့သော တော်လှန်ရေးကြီးတွင် ပြည်သူနှင့် တပ်မတော်တို့ တစ်သွေးတည်း တစ်သားတည်း ပူးပေါင်းလက်တွဲ၍ ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့ရာ နယ်ချဲ့ဖက်ဆစ်တို့ လက်နက်ချအရှုံးပေးပြီး မြန်မာ့မြေပေါ်မှ အပြီးတိုင် ထွက်ခွာသွားခဲ့ရပါသည်။ နယ်ချဲ့ဖက်ဆစ်တို့အပေါ် အနိုင်ယူအောင်ပွဲဆင်နိုင်ခဲ့မှုမှာ မြန်မာ့သမိုင်းတွင် မမေ့နိုင်ဖွယ်ရာ သမိုင်းမှတ်တိုင်အဖြစ် မော်ကွန်းရေးထိုးထားပြီး ထိုနေ့ထိုရက်ကို အထူးဂုဏ်ပြုသောအားဖြင့် တပ်မတော်နေ့(တော်လှန်ရေးနေ့) အဖြစ် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိပါသည်။

သမိုင်းတွင် သမိုင်းဝင်သည့် ထူးခြားလေးနက်သည့် တပ်မတော်နေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပခြင်းဖြင့် အမျိုးသားဇာတိမာန်နှင့် အမျိုးသားကာကွယ်ရေးစိတ်ဓာတ်တို့ အစဉ်မြင့်မားနေစေပါသည်။ တပ်မတော်၏ ထွန်းပြောင်သော သမိုင်းကြောင်း အစဉ်အလာကို ထပ်ဆင့် မြှင့်တင်သောအားဖြင့် နှစ်စဉ်နှစ်တိုင်း တပ်မတော်နေ့အခမ်းအနားကို တက်ကြွသော အမျိုးသားရေးအားမာန်များဖြင့် အင်တိုက်အားတိုက် ခမ်းခမ်းနားနား ထည်ထည်ဝါဝါ သိုက်သိုက်ဝန်းဝန်း ကျင်းပနေခြင်းဖြစ်သည်။

### အမျိုးသားနိုင်ငံရေးစိတ်ဓာတ်

တပ်မတော်သည် မြန်မာတိုင်းရင်းသားပြည်သူတို့၏ အမျိုးသားလွတ်မြောက်ရေး သမိုင်းစဉ်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပေါ်လာသော အမျိုးသားနိုင်ငံရေး အသိစိတ်ဓာတ်အပြည့်အဝဖြင့် ပေါက်ဖွားလာခဲ့သော အဖွဲ့အစည်းဖြစ်ပါသည်။ သူ့ကျွန်မခံသည့် စွန့်လွှတ်စွန့်စားသော လက်နက်ကိုင်တိုက်ပွဲများ၊ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်အပြည့်အဝဖြင့် လှုပ်ရှားသည့် နိုင်ငံရေးတိုက်ပွဲများ၊ ကျောင်းသားသပိတ်တိုက်ပွဲများ၊ တောင်သူလယ်သမားအရေးတော်ပုံ၊ အလုပ်သမားအရေးတော်ပုံ၊ လူထုတိုက်ပွဲများ၊ လက်ရုံးတပ်များ၊ အမျိုးသားရဲတပ်ဖွဲ့များ၊ သံမဏိတပ်ဖွဲ့များ၏ အသွင်အမျိုးမျိုး လှုပ်ရှားမှုများနှင့် တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်လာသော အဖွဲ့အစည်းဖြစ်ပါသည်။

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် သခင်အောင်ဆန်းသည် လွတ်လပ်ရေးကို တိုက်ယူရန် ရည်ရွယ်ချက်ဖြင့် တရုတ်ပြည်သို့ ထွက်ခွာခဲ့ပါသည်။ ထိုမှတစ်ဆင့် မျိုးချစ်လူငယ်တစ်စုနှင့် ဂျပန်နိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ကျန်ရှိသော မျိုးချစ်လူငယ်များလည်း ဂျပန်နိုင်ငံသို့ လျှို့ဝှက်ထွက်ခွာသွားခဲ့ကြသည်။ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ် ထက်သန်လှသည့် တို့ဗမာအစည်းအရုံးဝင်သခင်များသည် တပ်မတော်တစ်ရပ်ကို ထူထောင်၍ လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲရန် ကြိုးပမ်းခဲ့ကြသည်။ နိုင်ငံလွတ်လပ်ရေးအတွက် အသက်ပေးဆောင်ရွက်ကြမည့် လက်ရွေးစင် နိုင်ငံရေးသမားများ ဦးဆောင်လျက် အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားမိဘပြည်သူများ၏ ရင်နှစ်သည်းချာ သားရတနာများဖြင့် တပ်မတော်ကို စတင်ဖွဲ့စည်းတည်ထောင်ရန် ကြိုးပမ်းခဲ့သည်။

### ဘီအိုင်အေကို စတင်ဖွဲ့စည်း

မြန်မာနိုင်ငံမှ လျှို့ဝှက်စွာ ထွက်ခွာသွားခဲ့ကြသော မျိုးချစ်လူငယ်တစ်စု၊ ရဲဘော် သုံးကျိပ်သည် ၁၉၄၁ ခုနှစ်အတွင်း တရုတ်ပြည် ကန်တုံမြို့နှင့် မျက်နှာချင်းဆိုင် ဟိုင်နန်ကျွန်းတွင် စစ်ပညာများကို အပြင်းအထန် လေ့ကျင့်သင်ကြားကြသည်။ ယင်းနောက် တပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်ကို မဏ္ဍိုင်ပြု၍ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို စတင်ဖွဲ့စည်းခဲ့သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မြန်မာ့တပ်မတော် စတင်ဖွဲ့စည်းစဉ်က အင်အား ၂၀ သာရှိပြီး ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အင်အား ၅၀ ရှိလာသည်။ ဗမာ့တပ်မတော် ဘန်ကောက်မြို့မှ ပြန်လည်မထွက်ခွာမီတွင် အင်အား ၁၅၀ အထိ ရှိလာခဲ့သည်။ ဗမာ့တပ်မတော်တွင် "ဗိုလ်တေဇ"ဟု အမည်ခံယူခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့သည် မြန်မာ့တပ်မတော်၏ ရှေးထုံးစဉ်လာဇာတိသွေးကို ပြသကြသကဲ့သို့ လက်မောင်းသွေးဖောက်၍ သစ္စာသွေးကို သောက်ကြကာ သွေးသောက်ရဲဘော်များအဖြစ် ကတိသစ္စာပြုခဲ့ကြသည်။



ဗိုလ်ချုပ်အောင်ဆန်း ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်း(၂) တွင် မိန့်ခွန်းပြောကြားစဉ်။



၁၉၄၂ ခုနှစ် ဇန်နဝါရီလအတွင်းက ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်း မြန်မာနိုင်ငံသို့ ဝင်ရောက်လာစဉ်။

- **၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အတူ လက်တွဲ၍ ကမ္ဘာသိဖက်ဆစ်တော်လှန်ရေးကြီးကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် တွန်းလှန်ဆင်နွှဲ**
- **တပ်မတော်၏ စစ်ရေးစွမ်းရည်၊ တပ်မတော်အင်အားနှင့် တိုင်းရင်းသားပြည်သူတို့၏ ဖြိုခွဲ၍မရသော စည်းလုံးညီညွတ်မှုစွမ်းအားများကို တွေ့မြင်လာရသောအခါတွင် နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်ရေးကို ပေးခဲ့ရ**

### စစ်ကြောင်းကြီးလေးကြောင်း

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့နှင့် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တို့တွင် ထိုင်းနိုင်ငံ ရဟိုင်း၊ မဲကန်၊ မဲဆောက်လမ်းမှတစ်ဆင့် ဖာပွန်သို့လည်းကောင်း၊ မြဝတီလမ်းမှတစ်ဆင့် မော်လမြိုင်သို့လည်းကောင်း၊ ကန်ဖူရီမြစ်ဖျားမှတစ်ဆင့် ထားဝယ်သို့လည်းကောင်း၊ ရနောင်းမှတစ်ဆင့် မြိတ်သို့လည်းကောင်း စစ်ကြောင်းကြီး လေးကြောင်းခွဲ၍ မြန်မာပြည်သို့ ဝင်ရောက်ချီတက်ကြပြီးနောက် နယ်ချဲ့ ဗြိတိသျှတပ်များကို တွန်းလှန်တိုက်ခိုက် မောင်းထုတ်ခဲ့သည်။

နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့သော ဗမာ့တပ်မတော်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ တစ်ခဲနက်ထောက်ခံအားပေး ပူးပေါင်းပါဝင်လာကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာပြည်အတွင်းသို့ ဝင်ရောက်လာသောအခါ အင်အား ၃၇၇၆ ယောက်အထိ တိုးတက်လာပြီး ၁၉၄၂ ခုနှစ် မေလလယ်ခန့်တွင် အင်အား ၂၃၀၀၀ အထိ တိုးတက်လာခဲ့သည်။ ရဲဘော်သုံးကျိပ်ဦးဆောင်သည့် ဗမာ့တပ်မတော်ကြီးအား လမ်းတစ်လျှောက်တွင် တိုင်းရင်းသားပြည်သူများ သောင်းသောင်းဖြဖြ ကြိုဆိုကြပြီး လမ်းခရီးမှ ရဟန်းရှင်လူ ပြည်သူတို့သည် တပ်မတော်သို့ဝင်ရောက်လာခဲ့ကြသည်။

### ပြန်လည်တွန်းလှန်တိုက်ခိုက်

ထို့နောက် အင်အားသုံးသောင်းအထိ ရောက်ရှိလာသောအချိန်တွင် ဘီအိုင်အေ၏ တစ်နေ့တခြား အင်အားကြီးထွားလာမှု အရှိန်အဟုန်ကို စိုးရိမ်ပူပန်လာသော ဖက်ဆစ်တို့သည် ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို တပ်အင်အား ၃၀၀၀ ခန့်ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းလိုက်သည်။ ဗမာ့တပ်မတော်သည် ဖက်ဆစ်တို့အား ချက်ချင်းပြန်လည်တွန်းလှန် တိုက်ခိုက်ရန် အခြေအနေအရ မဖြစ်နိုင်သေးသဖြင့် ဗမာ့ကာကွယ်ရေး တပ်မတော်သည် ခက်ခဲပင်ပန်းဆင်းရဲမှုအမျိုးမျိုးတို့ကို သည်းခံရင်ဆိုင်ကျော်လွှားကာ ဖက်ဆစ်တို့အား ပြန်လည်တွန်းလှန် တိုက်ခိုက်နိုင်ရန် ပြင်ဆင်နေခဲ့သည်။

*စာမျက်နှာ ၉ သို့*

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ သင်တန်းသားများနှင့် တွေ့ဆုံ



နေပြည်တော် မတ် ၁၄

**(၁၉) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 19th ASEAN Chiefs of Defence Forces Meeting (ACDFM-19) တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ၌ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့ ညနေပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့သွားရောက်၍ သံရုံးနှင့် စစ်သံရုံးမိသားစုများ၊ သင်တန်းသားများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။** (ဝဲပုံ)

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံရုံးနှင့်စစ်သံရုံးတို့မှ မိသားစုများက ကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက သံရုံး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသားများအား အမှာစကား ပြောကြားသည်။

ထို့နောက် သံရုံး၊ စစ်သံရုံး မိသားစုများ၊ သင်တန်းသားများ အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးအပ်လိုက်သည့် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် မိသားစုဝင်များ၊ သင်တန်းသား များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဖက်ဆစ်တို့က မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးကြောင်း ကြေညာလိုက်ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ကိုလည်း ဗမာ့တပ်မတော် (ဘီအင်အေ) ဟု အမည်ပြောင်းလိုက်သည်။ ထိုစဉ်က ဖက်ဆစ်တို့ပေးသော လွတ်လပ်ရေးသည် အတုအယောင် လွတ်လပ်ရေးသာဖြစ်ပြီး တိုင်းရင်းသား ပြည်သူတို့ကို ဆက်လက်ဖိနှိပ်ရက်စက် သွေးစုပ်ခြယ်လှယ်ခဲ့ကြသည်။ မြန်မာ့တပ်မတော်သည် တိုင်းရင်းသား ပြည်သူများအား နှိပ်စက်ညှဉ်းပန်းအနိုင်ကျင့်မှုများကို မခံမရပ်နိုင်ဖြစ်သော်လည်း ကြိတ်မှိတ်သည်းခံခဲ့ရသည်။

### တပ်မတော်ကို မဏ္ဍိုင်ပြု

ထို့နောက် ဗမာ့တပ်မတော်သည် ၁၉၄၃ ခုနှစ်မှစတင်၍ ဖက်ဆစ်တော်လှန်ရေးအတွက် လျှို့ဝှက်စည်းရုံး လှုပ်ရှားခြင်းများ ပြုလုပ်ခဲ့သည်။ တပ်မတော်ကို မဏ္ဍိုင်ပြု၍ "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့" (ဖဆပလ) အဖွဲ့ကြီးကို ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲ၍ ကမ္ဘာသိ ဖက်ဆစ်တော်လှန်ရေးကြီးကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် တွန်းလှန်ဆင်နွှဲခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲရာတွင် တပ်မတော်သည် တစ်နိုင်ငံလုံး၌ စစ်တိုင်းကြီး ခုနစ်တိုင်းခွဲကာ ဖက်ဆစ်များကို တိုက်ပွဲပေါင်း တစ်ထောင်ကျော် ဆင်နွှဲ၍ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ နိုင်ငံအနှံ့တိုက်ပွဲများအတွင်း ဖက်ဆစ်ရန်သူပေါင်း နှစ်သောင်းခန့်မျှ ကျဆုံးခဲ့ပြီး စစ်သုံ့ပန်းအများအပြား ဖမ်းဆီးရမိခဲ့သည်။ ယင်းတော်လှန်ရေးကာလအတွင်း ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဗမာ့တပ်မတော်ကို မျိုးချစ်တပ်မတော် (ပီဘီအက်ဖ်) အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။

### ကန္ဒီစာချုပ် ချုပ်ဆို

ဖက်ဆစ်များ အရေးနိမ့်လက်နက်ချပြီးနောက် ဗြိတိသျှနယ်ချဲ့တို့ မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်လာသည့်အချိန်တွင် မျိုးချစ်ဗမာ့တပ်မတော်ကြီး တစ်နေ့တခြား အင်အားကြီးထွားလာမှုကို နယ်ချဲ့ဗြိတိသျှတို့က စိုးရိမ်မကင်းဖြစ်ကြပြန်သည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ကန္ဒီမြို့၌ ဗြိတိသျှနှင့် မြန်မာတို့ ကန္ဒီစာချုပ် ချုပ်ဆိုကြသည်။ ကန္ဒီစာချုပ်အရ မျိုးချစ်ဗမာ့ တပ်မတော်တွင် အရာရှိ ၂၀၀ နှင့် စစ်သည် ၅၂၀၀ ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။

တပ်မတော်၏ စစ်ရေးစွမ်းရည်၊ တပ်မတော် အင်အားနှင့် တိုင်းရင်းသားပြည်သူတို့၏ ဖြိုခွဲ၍ မရသော စည်းလုံးညီညွတ်မှု စွမ်းအားများကို တွေ့မြင်လာရသောအခါတွင် နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်ရေးကို ပေးခဲ့ရသည်။



၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်က (၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။

အထက်ဖော်ပြပါ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းဖြစ်စဉ်အားကြည့်မည်ဆိုလျှင် လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ တပ်မတော်ကြီး ပေါ်ပေါက်လာခဲ့ပြီး ပေါ်ပေါက်လာသော တပ်မတော်သည် အမျိုးသားနိုင်ငံရေးကို အခြေခံပြီး ဖွဲ့စည်းပေါ်ပေါက်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

### အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ ပေါ်ပေါက်လာခဲ့သော ပြည်တွင်းရောင်စုံ သောင်းကျန်းသူများနှင့် ပြည်ပကျူးကျော်မှုများကို တပ်မတော်သည် ရင်ဆိုင်ဖြေရှင်း နှိမ်နင်းခဲ့ရပြန်သည်။ တပ်မတော်၏နောက်တွင် တိုင်းရင်းသား ပြည်သူတို့က မားမားမတ်မတ်ရပ်တည် ထောက်ခံခဲ့ကြပြီး တပ်မတော်၏ ကြံ့ခိုင်သော စိတ်ဓာတ်များနှင့် ရဲဝံ့စွန့်စားသည့် တိုက်ပွဲဝင်မှုများကြောင့် သောင်းကျန်းမှုအမျိုးမျိုးမှာ ပြိုကွဲပျက်စီးသွားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်မှစတင်၍ ပြည်ပမှ ကျူးကျော်ဝင်ရောက်ခဲ့သည့် ကူမင်တန် တရုတ်ဖြူများကို စစ်ဆင်ရေးကြီးများ ဆင်နွှဲ၍ အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သည်။

ထို့နောက်မြစ်ဝကျွန်းပေါ်ဒေသ၌လည်းကောင်း၊ ပဲခူးရိုးမ၌လည်းကောင်း၊ နိုင်ငံ၏ အရှေ့မြောက်ဒေသနှင့် အရှေ့ပိုင်းဒေသများ၌လည်းကောင်း စစ်ဆင်ရေးကြီးများကို ဆင်နွှဲကာ ဗကပ၊ ကေအင်ဒီအို၊ ကေအိုင်အေ၊ လွယ်မော် အစရှိသည့် သောင်းကျန်းသူ အမျိုးမျိုးတို့ကို ချေမှုန်းနိုင်ခဲ့သည်။ ထို့အပြင် သောင်းကျန်းသူများနှင့် ဆက်နွှယ်နေသော မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး စစ်ဆင်ရေးကြီးများကိုလည်း ဆင်နွှဲခဲ့ရသည်။ ၁၉၆၂ ခုနှစ် နှစ်ဦးပိုင်းတွင် နိုင်ငံအတွင်း အဘက်ဘက်၌ ယိုယွင်းပျက်ပြားနေစဉ် ပဒေသရာဇ် စော်ဘွားအချို့၏ ပြည်နယ်ခွဲထွက်ရေး တောင်းဆိုမှုများကြောင့် ပြည်ထောင်စုပြိုကွဲပြီး လွတ်လပ်ရေးဆုံးရှုံးရမည့် အခြေအနေရောက်လာ၍ မလွှဲမရှောင်သာဘဲ နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရသည်။

### ရှေ့တန်းမှရပ်တည်ကာကွယ်

၁၉၈၈ ခုနှစ်ပတ်ဝန်းကျင်တွင် နိုင်ငံတော်၌ အဘက်ဘက်တွင် ယိုယွင်းအားနည်းမှုများနှင့်အတူ ပြည်တွင်း ပြည်ပ မြေပေါ်မြေအောက် နိုင်ငံရေးသမားများက ထိုးဖောက်လှုပ်ရှားလာကြသည်။ ထိုအချိန်တွင် ဗကပနှင့် ကေအင်န်ယူ လက်နက်ကိုင် သောင်းကျန်းသူများက အင်အားကြီးမားစွာဖြင့် ဟန်ချက်ညီညီ ထိုးဖောက်ထိပါးလာခဲ့သည်။ ယင်းတို့ကို တပ်မတော်သည် ရှင်းလင်းဖယ်ရှားပြီး နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာဘဲ ထပ်မံရယူခဲ့ရပြန်သည်။ နိုင်ငံရေးကို အခြေခံ၍ ပေါ်ပေါက်လာသော တပ်မတော်သည် တိုင်းပြည်ပြိုကွဲပျက်စီးစေမည့်အရေး၊ အမျိုးသားအကျိုးစီးပွားကို ထိပါးလာမည့်အရေး၊ ပေါ်ပေါက်လာသော နိုင်ငံတော်၏ အရေးမှန်သမျှတွင် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်၍ နိုင်ငံကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေး၊ နိုင်ငံလွတ်လပ်ရေးအတွက် နိုင်ငံရေးအသိဖြင့် ပေါ်ပေါက်လာသော တပ်မတော်အဖြစ် ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီဖြစ်သည်။ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍများတွင် တပ်မတော်သည် သမိုင်းပေးတာဝန်ကို ကျေပွန်စွာဖြင့် အစဉ်အဆက် သယ်ပိုးထမ်းရွက်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှ နိုင်ငံရေးအသိဖြင့် မွေးဖွားလာသော တပ်မတော်သည် မျက်မှောက်ကာလ၏ ပကတိလိုအပ်ချက်များဖြစ်သည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များဖြစ်သော အမျိုးသားရေးတာဝန်များကို ဦးလည်မသုန် ဆက်လက်အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ရိုမေးနီးယားနိုင်ငံ)

## နေခြည်

*(ယမန်နေ့မှ အဆက်)*

**၂၀၂၀ ပြည့်နှစ်ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ**

ရိုမေးနီးယားနိုင်ငံသည် ၂၀၁၆ ခုနှစ်ရွေးကောက်ပွဲပြီးနောက် နိုင်ငံရေးမတည်ငြိမ်မှုများ ပေါ်ပေါက်ခဲ့ပြီး ဝန်ကြီးချုပ် ၄ ဦးအထိ ပြောင်းလဲအုပ်ချုပ်ခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် Social Democratic Party (PSD) သည် အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိကြောင်းအဆို (No – Confidence Vote) အဖြစ် မဲနှစ်မဲကို လွှတ်တော်တွင် တင်သွင်းမှုအောင်မြင်ခဲ့သည့်အတွက် မတ်လ ၁၆ ရက်နေ့တွင် အရေးပေါ်အခြေအနေကြေညာခဲ့ရာ ကြားကာလအုပ်ချုပ်မှု အနေဖြင့် ဝန်ကြီးချုပ် Ludovic Orban သည် အာဏာအကန့်အသတ်ဖြင့် ဝန်ကြီးချုပ်တာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့သည်။ ဩဂုတ်လ ၃၁ ရက်နေ့တွင် တင်သွင်းခဲ့သည့် အယုံအကြည်မရှိကြောင်း အဆို ( No–Confidence Vote ) သည် အစိုးရ၏ ကိုဗစ် – ၁၉ စီမံခန့်ခွဲမှု အလွဲများအပေါ် စွပ်စွဲပြစ်တင်၍ တင်သွင်းခဲ့သော်လည်း ထောက်ခံသူမရှိ၍ အဆိုအောင်မြင်မှု မရှိခဲ့ပေ။

ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲများကို ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကျင်းပမည် ဖြစ်ကြောင်း ဥပဒေအရ စက်တင်ဘာလ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ သို့သော် ယင်းမတိုင်မီ ဇူလိုင်လ ၂၇ ရက်နေ့တွင် လွှတ်တော်သည် ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ သမ္မတနှင့်အစိုးရအဖွဲ့ တို့သည် ယင်းဥပဒေနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံနှင့်ကိုက်ညီမှုမရှိဟု အယူခံတင်သွင်းခဲ့ကြသည်။ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် အယူခံကို ပယ်ချခဲ့ပြီး ဥပဒေအားဖွဲ့စည်းပုံနှင့် ကိုက်ညီမှုရှိကြောင်း အတည်ပြုပေးခဲ့သည်။ ထို့ပြင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားမှု မြင့်တက်လာသည့်အတွက် အောက်တိုဘာလ ၂ ရက်နေ့တွင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တစ်ဦးသည် ရွေးကောက်ပွဲကို ၂၀၂၁ ခုနှစ် မတ်လမတိုင်မီအထိ ရွှေ့ဆိုင်းထားရန် အဆိုပြုလွှာ တင်သွင်းခဲ့သော်လည်း ရွှေ့ဆိုင်းခဲ့ခြင်း မရှိပေ။

ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး မဲပေးသူ ၃၃ ရာခိုင်နှုန်းသာ ရှိခဲ့သည့်အတွက် ရိုမေးနီးယားနိုင်ငံသမိုင်းတွင် မဲပေးသူအနည်းဆုံးစံချိန်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်ပွားမှုအပါအဝင် နိုင်ငံရေးအခြေအနေများအပေါ် ပြည်သူလူထု၏ မကျေနပ်မှုများကြောင့် မဲပေးသူလျော့နည်းခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် Social Democratic Party (PSD) က လွှတ်တော်နှစ်ရပ်လုံးတွင် ဆန္ဒမဲရရှိမှု ၃၀ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံး အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီက ရေပန်းစားခဲ့သော National Liberal Party (PNL) ကမူ ၂၅ ရာခိုင်နှုန်းဖြင့်သာ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး ယင်းရလဒ် အကျိုးဆက်အဖြစ် PNL ပါတီမှ ဝန်ကြီးချုပ် Orban သည် ရာထူးမှ နုတ်ထွက်ခဲ့သည်။ USR PLUS သည် ၁၅ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရပ်တည်ခဲ့ပြီး လွှတ်တော်တွင်း တစ်ကြိမ်တစ်ခါမျှ ကိုယ်စားလှယ်နေရာရရှိဖူးခြင်း မရှိသေးသည့် Alliance for the Unity of Romanians သည် စတုတ္ထနေရာနှင့် Democratic Alliance of Hungarians in Romania (UDMR) က ပဉ္စမနေရာတို့တွင် အသီးသီး ရပ်တည်ခဲ့ကြသည်။

PSD သည် ဆန္ဒမဲအများဆုံးရရှိခဲ့သော်လည်း ဒီဇင်ဘာလ ၈ ရက်နေ့တွင် PNL, USR PLUS နှင့် UDMR တို့သည် ညွန့်ပေါင်းဖွဲ့စည်းခဲ့ပြီဖြစ်ကြောင်းကြေညာခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီး Florin Cîțu ကို ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းခဲ့သည်။ ဒုတိယဝန်ကြီးချုပ်များအဖြစ် USR PLUSမှ ၁ ဦးနှင့် UDMRမှ ၁ ဦး စုစုပေါင်း ၂ဦး အမည်စာရင်းတင်သွင်းခဲ့သည်။ ဖွဲ့စည်းထားသည့် ဝန်ကြီးဌာန ၁၈ တွင် PNL မှ ၉ ဦး၊ USR PLUS မှ ၃ ဦးနှင့် UDMR မှ ၃ ဦးတို့အား ဝန်ကြီးများအဖြစ် အမည်စာရင်းတင်သွင်းခဲ့သည်။

**နိဂုံး**

ရိုမေးနီးယားနိုင်ငံသည် နိုင်ငံရေးပါတီအများအပြားပါဝင်သည့် ပါတီစုံစနစ်ကို ကျင့်သုံးသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပါတီတစ်ခုတည်းဖြင့်အစိုးရဖွဲ့နိုင်ခြင်းမရှိသည့် အခြေအနေမျိုး ပေါ်ပေါက်သည့်အခါ ရပ်တည်ချက်တူညီသည့် ပါတီများအချင်းချင်းပေါင်းစု၍ ညွန့်ပေါင်းအစိုးရအဖြစ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေးပါတီတစ်ပါတီချင်းအနေဖြင့်ဖြစ်စေ၊ ညွန့်ပေါင်းဖွဲ့စည်းထားသည့် ပါတီများအနေဖြင့်ဖြစ်စေ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အချိုးညီမျှစွာ ကိုယ်စားပြုခွင့်ရနိုင်ရေးအတွက် ဥပဒေများ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ ရိုမေးနီးယားနိုင်ငံ ဥပဒေပြုလွှတ်တော်နှစ်ရပ်၏ ရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး နောက်တစ်ကြိမ်ရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

### အထက်လွှတ်တော်တွင် ကိုယ်စားလှယ်ရရှိမှုအခြေအနေ




| ပါတီအမည် | ပါတီကိုယ်စားပြုအရောင် | ဆန္ဒမဲရရှိမှုရာခိုင်နှုန်း | ရရှိသည့် ကိုယ်စားလှယ်နေရာ |
|---|---|---|---|
| PSD | | ၃၄.၅၆% | ၄၇ |
| PNL | | ၃၀.၁၅% | ၄၁ |
| USR PLUS | | ၁၈.၃၈% | ၂၅ |
| AUR | | ၁၀.၂၉% | ၁၄ |
| UDMR | | ၆.၆၂% | ၉ |

### အောက်လွှတ်တော်တွင် ကိုယ်စားလှယ်ရရှိမှုအခြေအနေ




| ပါတီအမည် | ပါတီကိုယ်စားပြုအရောင် | ဆန္ဒမဲရရှိမှုရာခိုင်နှုန်း | ရရှိသည့် ကိုယ်စားလှယ်နေရာ |
|---|---|---|---|
| PSD | | ၃၃.၃၃% | ၁၁၀ |
| PNL | | ၂၈.၁၈% | ၉၃ |
| USR PLUS | | ၁၆.၆၇% | ၅၅ |
| AUR | | ၁၀.၀၀% | ၃၃ |
| UDMR | | ၆.၃၆% | ၂၁ |
| Minorities | | ၅.၄၅% | ၁၈ |

**ရည်ညွှန်းကိုးကား**


( ၁ ) https://www.britannica.com/place/Romania

( ၂ ) https://en.wikipedia.org/wiki/Elections_in_Romania

( ၃ ) https://www.osce.org/odihr/elections/romania/426629

( ၄ ) https://www.osce.org/odihr/elections/romania/466779

( ၅ ) https://en.wikipedia.org/wiki/Administrative_divisions_of _Romania

( ၆ ) https://en.wikipedia.org/wiki/2020_Romanian_legislative _election

( ၇ ) https://www.roaep.ro/prezen–tare

( ၈ ) https://www.te.gob.mx/vota _elections/page/download/ 16352


# ကော့သောင်းမြို့၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေး

**ကော့သောင်း မတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်နိုင်ရေး၊ မြေပြင်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ မတ် ၁၄ ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။

လာမည့် ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) များအား အခြေခံကာပြုစုထားသည့် အခြေခံမဲစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်လူဦးရေစာရင်းနှင့် ကွန်ပျူတာ ကျွမ်းကျင်ဝန်ထမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဖြစ်ကြောင်း ကော့သောင်းခရိုင် ရွေးကောက်ပွဲအရာရှိ ဦးဖြိုးထက်ကိုက ပြောသည်။

ကော့သောင်းမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု (၂၇) အုပ်စုရှိ အခြေခံမဲဆန္ဒရှင် လူဦးရေစာရင်းများ၊ မြေပြင်လူဦးရေစာရင်းနှင့် မှန်ကန်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများပူးပေါင်းပါဝင်သောအဖွဲ့ ၁၀ ဖွဲ့ဖြင့် ရှေ့ပြေးလုပ်ငန်းစီမံချက်အဖြစ် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## ရေချိုးတာရေး နည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုအပေါ် စီရင်ချက် အမိန့်ချမှတ်

**နေပြည်တော် မတ် ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကို၏ လုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးနှင့်ပစ္စည်းများ တောင်းခံရယူမှုများအပေါ် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း စစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုသည် နိုင်ငံတော်မှ လူပုဂ္ဂိုလ်များသို့ သာသနာ့နုဂ္ဂဟဘွဲ့တံဆိပ် ရှစ်မျိုးအား နှစ်စဉ်ချီးမြှင့် ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပုဂ္ဂိုလ်များထံမှ ငွေသားကျပ်သိန်း ၁၀၀နှင့် ငွေကျပ်သိန်း ၃၀၀ တန် Blank Cheque တစ်စောင် လက်ခံရယူခဲ့ခြင်း၊ လုပ်ငန်းရှင်တစ်ဦးမှ လုပ်ငန်းများ ရေရှည်အဆင်ပြေစေရန်အတွက် ပေးအပ်သည့် ငွေကျပ် ၁၀၀၅ သိန်း တန်ဖိုးရှိ Ford Everest Titanium မော်တော်ယာဉ် တစ်စီးကို လက်ခံရယူခဲ့ခြင်း၊ အလေးချိန် ၂၀ ကျပ်သားခန့်ရှိသော ရွှေပန်းကန်တစ်ချပ်ကို ကျသင့်တန်ဖိုးပေးချေခြင်းမရှိဘဲ လက်ခံရယူခဲ့ခြင်း တို့ကြောင့် ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၂၁ခုနှစ်၊ မတ် ၁၉ ရက်၌ တရားစွဲဆို တင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၅/၂၀၂၁၊ ၆/၂၀၂၁၊ ၇/၂၀၂၁ နှင့် ၃၂/၂၀၂၁ တို့ဖြင့် လက်ခံစစ်ဆေးခဲ့သည်။

ယင်းအမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ၂၀၂၂ ခုနှစ်၊ မတ် ၁၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုအား ရာဇဝတ်ကြီးမှုအမှတ် ၅/၂၀၂၁၊ ၆/၂၀၂၁၊ ၇/၂၀၂၁ နှင့် ၃၂/၂၀၂၁ တို့အတွက် အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်စီဖြင့် စုစုပေါင်း အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန်နှင့် Ford Everest Titanium မော်တော်ယာဉ် တစ်စီး၊ ငွေကျပ်သိန်း ၁၀၀ နှင့် ရွှေပန်းကန်ပြားတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက် သေတ္တာအမှတ်(၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# ကိုဗစ်-၁၉ ကာလအတွင်း ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်သမားစေလွှတ်ခြင်း လုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ်နှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်

၁။ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ တရားဝင်စေလွှတ်ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ဝန်ဆောင်ခနှုန်းထားများနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံဘက်တွင် ကိုဗစ်-၁၉ ရောဂါ နှစ်ကြိမ် ဆေးစစ်ခ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးရသေးသူများအတွက် ဆေးထိုးနှံခ၊ Quarantine ကုန်ကျစရိတ်များကို **အလုပ်ရှင်မှကျခံသွားရမည်**ဖြစ်ပါသည်။

၂။ အလုပ်သမားများ ကျခံရမည့်ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်သည့် အလုပ်သမားများသည် ကျန်းမာရေးအာမခံ (၄) လစာအပါအဝင် **၅,၃၉၀ ဘတ်**၊ ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ခြင်းမရှိသည့် (အိမ်တွင်းအထောက်အကူပြုလုပ်ငန်း၊ ရာသီသီးနှံလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ရေလုပ်သား၊ ကုန်တင်/ ကုန်ချလုပ်ငန်း၊ ဆားချက်လုပ်ငန်း) အလုပ်သမားများသည် ကျန်းမာရေးအာမခံ ၂နှစ် စာအပါအဝင် **၇,၆၀၀ ဘတ်** ကျခံရမည်ဖြစ်ပြီး အလုပ်ရှင် ကုန်ကျမည့် ကုန်ကျစရိတ်များကို အလုပ်သမားထံမှ ဖြတ်တောက်မှု မရှိစေရေး အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်တွင် နောက်ဆက်တွဲဖြင့် ထည့်သွင်းချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီမှ ပြည်ပအလုပ်အကိုင်အကျိုးဆောင် (ထိုင်း) လိုင်စင်ရအေဂျင်စီများသို့ အလုပ်သမားများထံမှ ကောက်ခံရမည့် ဝန်ဆောင်စရိတ် နှုန်းထားကို **၃၀၀,၀၀၀ ကျပ်** ထက်ပိုမိုကောက်ခံခြင်းမပြုရန် ညွှန်ကြားပြီးဖြစ်ပါသည်။

၄။ ထိုင်းနိုင်ငံဘက်နှင့် မြန်မာနိုင်ငံဘက်မှ သတ်မှတ်ထားသည့် ဝန်ဆောင်စရိတ်ထက် ပိုမိုပေးဆောင်ရခြင်းများရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်-

**(က) မြန်မာနိုင်ငံ**

| | | |
|---|---|---|
| (၁) | ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ | - ၀၆၇- ၃၄၃၀၄၄၂၊<br>၀၆၇-၃၄၃၀၁၈၅ |
| (၂) | Complaint Mechanism | -၀၆၇-၃၄၃၀၁၈၄၊<br>၀၆၇-၃၄၃၀၂၈၄<br>၀၁-၆၅၀၀၈၉၊<br>၀၁-၆၅၀၁၈၇ |

**(ခ) ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိများ**

| | | |
|---|---|---|
| (၁) | ဦးအောင်ကိုဇော် (ဗန်ကောက်) | - ၀၉၄၈၈၄၅၄၈၄ |
| (၂) | ဦးရဲလင်းထက် (ရနောင်း) | - ၀၆၅၂၂၀၆၉၅၁ |
| (၃) | ဦးလင်းမြတ် (ဗန်ကောက်) | - ၀၆၅၂၂၀၆၉၅၂ |
| (၄) | ဦးပြည့်ဖြိုးအောင် (မဲဆောက်) | - ၀၆၅၂၂၀၆၉၅၃ |
| (၅) | ဦးအောင်အောင် (ချင်းမိုင်) | - ၀၉၉၀၅၉၂၃၅၂ |

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

◆*ကျောဖုံးမှ*

လူနှင့် ကုန်စည်ခွဲထုတ်ခြင်း၊ အပိုင်းလိုက် သယ်ယူပို့ဆောင်ခြင်း၊ လမ်းပိတ်၍ စီမံခန့်ခွဲခြင်း စသည့်လုပ်ငန်းအစီအစဉ်များကို အတည်ပြုခဲ့သည်။

ယင်းနောက် ချင်းရွှေဟော်နယ်စပ်ဂိတ်တွင် ကြံသယ်ယူပို့ဆောင်ရေးယာဉ်များအတွက် “အစိမ်းရောင် လမ်းကြောင်း” ဖွင့်လှစ်ပြီး မြန်မာနိုင်ငံမှ ကြံများကို တရုတ်နိုင်ငံဘက်သို့ အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေးအတွက် ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မတ်လပထမပတ်အတွင်းမှစ၍ ရက်သတ္တတစ်ပတ်ကျော်ကြာ ပိတ်ထားသော မြန်မာ-တရုတ် နယ်စပ်ဝင်ထွက်ဂိတ်တစ်ခုဖြစ်သည့် ကျင်စန်းကျော့နယ်စပ်ဂိတ်ကို မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်စတင်ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သီဟစည်သူ**



ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ ကြံတင်ပို့မည့် ယာဉ်တစ်စီးကို လိုအပ်သော စစ်ဆေးမှုများဆောင်ရွက်စဉ်။

# တပ်ကုန်းမြို့နယ်တွင် နေကြာစိုက်ပျိုးခြင်းဆိုင်ရာ အသိပညာပေး စကားဝိုင်းဆွေးနွေး

**တပ်ကုန်း မတ် ၁၄**

နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် နေကြာစိုက်ပျိုးခြင်းဆိုင်ရာ အသိပညာပေး စကားဝိုင်းဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ဦးစီးဌာနရှိ လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်နှင်းသန္တာလှိုင်တို့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံနေကြာစိုက်ပျိုးမှု အခြေအနေများ၊ နေကြာစိုက်ပျိုးမှုနည်းစနစ်များ၊ ပိုးမွှားရောဂါကျရောက်မှုနှင့် ကာကွယ်နှိမ်နင်းရမည့်အချက်များ၊ နေကြာစိုက်တောင်သူများ ထွက်နှုန်းကောင်းမွန်သည့်မျိုး ရွေးချယ်ရေးအကြောင်းတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

# KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်ပေါ်၌ သွားလာလျက်ရှိသည့် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိ

နေပြည်တော် မတ် ၁၄

**KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပါဝင်သော ပူးပေါင်းအဖွဲ့အနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်ပေါ်၌ သွားလာလျက်ရှိသည့် ကုန်တင်ယာဉ်များ၊ ခရီးသည်တင် မော်တော်ယာဉ်များကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိပြီး နယ်မြေဒေသတည်ငြိမ် အေးချမ်းမှုပျက်စီးစေရန်နှင့် ခရီးသွားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ထိခိုက်ပျက်စီးစေလျက်ရှိသည်။**

**မော်တော်ယာဉ်များအား မီးရှို့**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ကော့ကရိတ်မြို့နယ် တတန့်ကူး ကျေးရွာအနီးရှိ မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်၌ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များကို မတ် ၁၂ ရက် နံနက်ပိုင်းတွင် KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပါဝင်သော ပူးပေါင်းအဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ရပ်တန့်စေပြီး မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးမှုပြုလုပ်ခဲ့သည်။

ဖြစ်စဉ်မှာ မြဝတီဘက်မှ ကော့ကရိတ်ဘက်သို့ ကုန်ပစ္စည်းများ တင်ဆောင်၍ မြဝတီ-ကော့ကရိတ်သွား အာရှလမ်းသစ်အတိုင်း မောင်းနှင်လာသော ၁၀ ဘီးယာဉ်တစ်စီးသည် မတ် ၁၂ ရက် နံနက် ၇ နာရီ မိနစ် ၄၀ တွင် တတန့်ကူးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၇၀၀ ခန့်အကွာသို့ အရောက်၌ KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပါဝင်သော အင်အား ၁၀ ဦးခန့်က လက်နက်ငယ်များဖြင့် ပစ်ခတ်ရပ်တန့်စေပြီး ယာဉ်မောင်းကို ယာဉ်ပေါ်မှ ဆင်းခိုင်းကာ မော်တော်ယာဉ်အား မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ခရီးသည်တင်ကား မီးရှို့ဖျက်ဆီး**

အလားတူ ယင်းနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင်လည်း မြဝတီမှ ရန်ကုန်သို့ ပြေးဆွဲနေသည့် ရွှေစင်စကြာခရီးသည်တင် မော်တော်ယာဉ်နှင့် ၂၂ ဘီးယာဉ် တစ်စီးတို့ကို KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပါဝင်သော အင်အား ၁၅ ဦးခန့်က တတန့်ကူးကျေးရွာ၏ အရှေ့ဘက် မီတာ ၃၀၀ ခန့် အကွာ၌လည်းကောင်း၊ ဖာပွန်-ကမမောင်း လမ်းကြောင်း တစ်လျှောက် လုံခြုံရေးဆောင်ရွက်ရန် ထွက်ခွာလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တတန့်ကူး ကျေးရွာအနီးရှိ မြဝတီ-ကော့ကရိတ်သွား အာရှလမ်းသစ်၌ လည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကာ ခရီးသည်တင်ကားအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

**တံတားမိုင်းထောင် ဖျက်ဆီး**

မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင်လည်း KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ် အမျိုးအစား တံတားအမှတ် (၅/၉၁) အား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် တံတားတိုင်ပွဲထွက်ပျက်စီးခဲ့ကြောင်းနှင့် မော်တော်ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ပြီး ကုန်တင်ယာဉ်နှင့် အခြားယာဉ်ကြီးများ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရှိရသဖြင့် အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ယခုနှစ် လဆန်းပိုင်းတွင်လည်း မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်၌ သွားလာနေသည့် ခရီးသည်တင် မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ရာ ယခုနှစ် ဇန်နဝါရီ ၈ ရက်တွင် သင်္ကန်းညီနောင် - ကော့ကရိတ်သွား ကားလမ်းအတိုင်း မောင်းနှင်လာသော လုပ်ငန်းသုံးဂတ်(စ်)များ သယ်ဆောင်လာသည့် မော်တော်ယာဉ်အား KKO (ခွဲထွက်) အဖွဲ့မှ ၄၀ မမ ဖုံးသီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့ရာ ယာဉ်ဦးခေါင်းပိုင်း ဖုံးသီးထိမှန် မီးလောင်ကျွမ်းခဲ့ရသည်။

**လက်နက်ငယ်များဖြင့် ပစ်ခတ်**

အလားတူ မြဝတီမြို့မှ မန္တလေးမြို့သို့ ပို့ဆောင်ရန် Argon Gas အရည်များ တင်ဆောင်ထွက်ခွာလာသည့် ဦးထွန်းမင်းဦး (ဘ) ဦးကိုမြင့် မောင်းနှင်ပြီး ရဲထူးအောင် (ဘ) ဦးဝင်းထူး လိုက်ပါလာသော မော်တော်ယာဉ်သည် ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် ကော့ကရိတ်မြို့နယ် တတန့်ကူးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၀၀၀ ခန့် အကွာသို့ ရောက်ရှိစဉ်

*စာမျက်နှာ ၁၃ သို့*



ကော့ကရိတ်မြို့နယ် တတန့်ကူးကျေးရွာအနီး၌ ခရီးသည်တင်မော်တော်ယာဉ်နှင့် ကုန်တင်မော်တော်ယာဉ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်မီးရှို့ဖျက်ဆီးခဲ့သည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။





KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် Argon Gas တင်ဆောင်သည့် မော်တော်ယာဉ် ထိမှန်ပျက်စီးမှု (ဝဲပုံ) နှင့် မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားအမှတ် (၅/၉၁) ပျက်စီးခဲ့မှု တွေ့ရစဉ်။ (အပေါ်ပုံ)

## KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့၏ မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်ပေါ်၌ သွားလာလျက်ရှိသည့် မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးမှုခံရသည့် ကုန်ကားမောင်းနှင်သူတစ်ဦးအား ဆက်သွယ်မေးမြန်းမှုမှ ပြောကြားချက်

**မေး - ၁၂ ရက်နေ့က ကားမီးရှို့ဖျက်ဆီးတဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတာလေးတွေကို ပြောပြပါလား။**

ဖြစ်စဉ်ကို ကျွန်တော် ပြောပြမယ်ဗျ။ ကျွန်တော်တောင်ပေါ်က ဆင်းလာတယ်၊ ကားတွေက တန်းစီပြီး ရှိနေတယ်။ ကားတွေတန်းစီနေတာကို ဖြည်းဖြည်းချင်းကျော်သွားတယ်။ နောက်တော့တွဲ နှစ်စီးနဲ့ ၁၂ ဘီး နှစ်စီးရဲ့ရှေ့ကို ရောက်သွားတယ်။ ရောက်သွားတဲ့အချိန်မှာ ဒီကောင်တွေက ကျွန်တော့်ကို လှမ်းခေါ်တယ် ခင်ဗျ။ ကျွန်တော့်အထင်ပြော်...ခရီးသည်ကားတွေကို ပေးဖြတ်မယ်ထင်ပြီးတော့ ကျွန်တော် ရှေ့ကို တိုးသွားတော့ ကားကို ကန့်လန့်ရပ်ဖို့ပြောတယ်။ ကန့်လန့်ရပ်ဖို့ ကျွန်တော့်ကားကြီးက အဆင်မပြေတော့ နောက်ကိုဆုတ်သွားတယ်။ နောက်ဆုတ်တဲ့အချိန်မှာ စပယ်ယာကောင်လေးကို ညီလေးဆင်းလိုက်တော့ ပြောတယ်။ နောက်ဆုတ်တော့ သေနတ်သံ နှစ်ချက်ဖောက်တယ်။ ဖောက်တဲ့အချိန်မှာ ကျွန်တော် ကန့်လန့်ပြန်ထိုးတယ်။ ကန့်လန့်ပြန်ထိုးတဲ့အချိန်မှာ သေနတ်သံကြားတော့ ဝမ်းဒိုးကြည့်မှန် ပေါက်သွားတယ်။ မင်းတို့အခုဆင်းဆိုပြီး တစ်ယောက်က ကျွန်တော်တို့ကို ဆဲဆိုတာပေါ့ဗျာ။ ကားပေါ်က ခရီးသည်တွေဆွဲချတယ်။ နောက်ဆုံးကျန်တာ ခရီးသည်တစ်ယောက်ပေါ့။ ကျွန်တော့်မှာပါတာ ဖိနပ်ပဲ ပါတယ်။ အန်တီတစ်ယောက်ပါတယ်။ တွဲခေါ်ပြီးပြေးရတာ။ သေနတ်သံတွေ ဆက်ကြားရတယ်။ ပြီးတော့ ကားလမ်းဘယ်ဘက်ခြမ်းမှာရှိတဲ့ ချုံတောထဲကို တိုးသွားတယ်။ တစ်အောင့်နေတော့ ကျွန်တော့် ကားကို မီးရှို့လိုက်တယ်။

**မေး - ဆုံးရှုံးမှုတန်ဖိုး ဘယ်လောက်ရှိနိုင်မလဲ အစ်ကို။**

ဆုံးရှုံးမှုတန်ဖိုးကတော့ ကားတန်ဖိုး ၁၅၀၀ နဲ့ ၁၈၀၀ ကြားတော့ သွားမယ်ထင်တယ်ဗျ။ ပစ္စည်း ခန့်မှန်းတန်ဖိုးကတော့ ၃၀၀ နဲ့ ၄၀၀ လောက်တော့ ရှိမယ်ထင်တယ်ဗျ။ ကျွန်တော့် ခရီးသည်တွေ ကတော့ အလျဉ်မီအောင် အရင်ဆုံးကားပေါ်ကချပြီး လွတ်ရာကို ခေါ်သွားနိုင်တယ်ဗျ။ အဲဒီမှာ ခရီးသည် အမျိုးသားတစ်ယောက်ဆိုရင် လိုင်စင်တွေ ကျန်ခဲ့တယ်၊ မှတ်ပုံတင်တွေ ကျန်ခဲ့တယ်ဗျ။ ကားရဲ့ ခုံဘေးမှာ။ အမျိုးသမီးတစ်ယောက်ဆိုရင် ပတ်စ်ပို့တွေ၊ ဗီဇာတွေ ကျန်ခဲ့တယ်ပြောတယ်ဗျ။ နေ့ခင်း ၁၂ နာရီခွဲ ပတ်ချာလည်ကျတော့ အသံငြိမ်သွားတော့ ကျွန်တော် Main လမ်းမပေါ် ပြန်တက်လာတယ်ဗျ၊ ခရီးသည်နဲ့အတူ ကျွန်တော့် ကားကို ပြန်ကြည့်တော့ အရိုးပဲကျန်တော့တယ်ဗျ။

**မေး - ကားဘယ်နှစီးလောင်သွားတာလဲခင်ဗျ။**

ကျွန်တော်တို့ အရှေ့မှာ ရှေ့က ကျွန်တော့်ကားအပါအဝင် တွဲကားတစ်စီး၊ အဲဒီအရှေ့မှာ ခပ်လှမ်းလှမ်းမှာ ၁၂ ဘီး မီးလောင်တာ တွေ့တယ်ဗျ။ ပြီးတော့ ကားလေးတစ်စီး မီးလောင်တာကို အဝေးကတော့ လှမ်းတွေ့တယ်ဗျ။

# ငပုတောမြို့နယ်၌ ဆိုလာ-ဒီဇယ် ပေါင်းစပ်စနစ်ဖြင့် အိမ်ထောင်စု ၃၀၀ ကျော်ကို အချိန်ပြည့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ငပုတော မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် နဂုံးကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဓာတ်အား လိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၈၉ ဒသမ ၉၈၅ သန်း အကုန်အကျခံကာ တည်ဆောက်ထားသည့် လျှပ်စစ်ဓာတ်အားပေးစနစ်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်ရာ ယခုအခါ အချိန်ပြည့် လျှပ်စစ်မီးကို တစ်ယူနစ်လျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်သူမင်းထံမှ သိရသည်။



နဂုံးကျေးရွာတွင် ဆောင်ရွက်သည့် ဆိုလာ ၁၀၀ ဒသမ ၈ ကီလိုဝပ်နှင့် ၁၃၈ ကေဗွီအေ အရန်ဒီဇယ်အင်ဂျင်စနစ် ပါဝင်သော ဆိုလာ-ဒီဇယ် ပေါင်းစပ်စနစ်အမျိုးအစားကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၆၀ ရာခိုင်နှုန်း၊ ကျေးရွာနေပြည်သူများက ၂၀ ရာခိုင်နှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီက ၂၀ ရာခိုင်နှုန်း ထည့်ဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ စီမံကိန်းမှ ကျေးရွာရှိ အိမ်ထောင်စုပေါင်း ၃၀၀၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ ဆေးပေးခန်း တစ်ခု၊ စာသင်ကျောင်း တစ်ကျောင်း၊ လမ်းမီးတိုင် ၈၉ တိုင်နှင့် အသေးစားစက်မှုလုပ်ငန်း ၂၆ ခု အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လျှပ်စစ်မီးအချိန်ပြည့် အသုံးပြုနိုင်ရေး ဆောင်ရွက်မှုကြောင့် ကျေးရွာ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ယခင်ထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ‘ဝ’၊ ကချင်၊ ကယားဘာသာအစီအစဉ်များကို ည ၂၃ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ နံနက် ၉ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ နံနက် ၁၀ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မွန်ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁၄ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄ နာရီမှ ၁၆ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၁၆ နာရီမှ ညနေ ၁၈ နာရီအထိ ‘ဝ’ ဘာသာအစီအစဉ်၊ ညနေ ၁၈ နာရီမှ ည ၂၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၂၀ နာရီမှ ၂၂ နာရီအထိ ကယားဘာသာ အစီအစဉ်၊ ည ၂၂ နာရီမှ ၂၃ နာရီအထိ စကောကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်သည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့နယ် ကျားကာကျေးရွာ၌ နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသအတွင်းစားသုံးဆီ ဖူလုံပိုလျှံရေးအတွက် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် နွေနှမ်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရပြီး ကျားကာကျေးရွာတွင် စိုက်ပျိုးထားသော နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နွေနှမ်းများစိုက်ပျိုးရာတွင် တိုက်နယ်(၆)တွင် ၁၂ ဧက၊ တိုက်နယ်(၈)တွင် ဧက ၇၈၀၊ တိုက်နယ် (၁၁)တွင် ၂၈၇ ဧက၊ တိုက်နယ်(၁၂)တွင် ၁၂၆၄ ဧက စိုက်ပျိုးခဲ့ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

နှမ်းတစ်ဧကစိုက်ပျိုးမည်ဆိုပါက နှမ်းမျိုးစေ့ သုံးပြည်ခန့် ကုန်ကျကြောင်းနှင့် သိပ္ပံနည်းကျစိုက်ပျိုးမည်ဆိုပါက အပင်များ အောင်မြင်ဖြစ်ထွန်းကာ အထွက်နှုန်းပိုမိုကောင်းမွန်ကြောင်း၊ နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးနည်းပညာပေးစခန်းများအလိုက် စိုက်ခင်းများအရောက် ကွင်းဆင်းကာ နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၄**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် တံတားဦး(လေကြောင်းမိုးလေဝသ)၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဘော်လခဲမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၃၂ လက်မနှင့် ရေးမြို့နှင့် လောင်းလုံးမြို့တို့တွင် ၀ ဒသမ ၀၄ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၂ မှ*

PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ မော်တော်ယာဉ် လေကာမှန်နှင့် ကားဘီးများ လက်နက်ငယ် ကျည်ထိမှန်ပျက်စီးခဲ့ရသည်။

အလားတူ ဇန်နဝါရီ ၂၇ ရက် ည ၉ နာရီခန့်တွင် မြဝတီမှ ရန်ကုန်သို့ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ သယ်ဆောင်လာသည့် ဦးဇော်ဇော်ဦး (ဘ) ဦးသန်းအောင် မောင်းနှင်ပြီး ဇနီး ဒေါ်ရှမ်းမ (ဘ) ဦးလှမြင့် လိုက်ပါစီးနင်းလာသော မော်တော်ယာဉ်သည် ကော့ကရိတ်မြို့နယ် ချောင်းတောင်ရွာ၏ အရှေ့တောင်ဘက် မီတာ ၈၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယာဉ်အားရပ်တန့်စေပြီး မော်တော်ယာဉ်အား ဓာတ်ဆီလောင်း၍ မီးရှို့ဖျက်ဆီးခဲ့သည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးအဆောက်အဦများနှင့် အများပြည်သူနေအိမ်များအပြင် အများပြည်သူသွားလာနေသည့် လမ်းမကြီးများနှင့် ခရီးသွားပြည်သူများအား ပစ်မှတ်ထား ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူမှုစီးပွားကို ထိခိုက်ပျက်စီးစေပြီး ကုန်စည်စီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့် အကြမ်းဖက်လုပ်ရပ်များကို တစ်ဖက်သတ် အစွန်းရောက်ဝါဒစွဲအပေါ် အခြေခံကာ အသိဉာဏ်နည်းပါးစွာ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဒေသခံပြည်သူတစ်ဦးက သတင်းပေးပို့ချက်အရ လုံခြုံရေးပူးပေါင်းအဖွဲ့များက မီးလောင်ရာနေရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သွားရောက်၍ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ PDF အကြမ်းဖက်သမား များ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကျေးရွာရှိ လူနေအိမ် ၁၇ လုံး မီးလောင်ပျက်စီးခဲ့ရကြောင်း သိရသည်။



ရေစကြိုဖြစ်စဉ်မှ အကြမ်းဖက်သမား မီးရှို့ဖျက်ဆီးထားသည့် နေအိမ်များ။

အလားတူ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ညောင်ဝန်းပေါက်ကျေးရွာအုပ်စု သီးချောက်ကျေးရွာနေ ဦးအောင်ခင်ထွန်း (၄၀)နှစ်နှင့် ဖခင်ဖြစ်သူ ဦးမောင်အောင်(၇၂)နှစ်တို့ နှစ်ဦးသည် ရှုခွကြီးကျေးရွာ၏ အနောက်ဘက် ၁ ဖာလုံခန့်အကွာရှိ ၎င်းတို့ပိုင်ယာခင်းတွင် စိုက်ပျိုးထားသော ပဲများရိတ်သိမ်းနေစဉ် PDF အကြမ်းဖက်သမား လေးဦးသည် ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဦးမောင်အောင်အား သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ခဲ့သဖြင့် ဦးမောင်အောင်မှာ ဖြစ်စဉ်နေရာတွင် သေဆုံးခဲ့ကြောင်း၊ သားဖြစ်သူ ဦးအောင်ခင်ထွန်းမှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်းနှင့် အဆိုပါမီးရှို့၊ ပစ်ခတ်သူ PDF အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမား။

# အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမား ကိုဗစ် - ၁၉ ကူးစက်ခံရ

**ဝါရှင်တန် မတ် ၁၄**

အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားက ၎င်းတွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း မတ် ၁၃ ရက်က အတည်ပြုပြောကြားခဲ့သည်။ ရက်အနည်းငယ်ကြာ အသံဝင်နေသော်လည်း ကျန်းမာရေး ကောင်းမွန်နေဆဲဖြစ်သည်ဟု တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

၎င်းနှင့် ၎င်း၏ဇနီးသည် မီရှဲအိုဘားမားတို့မှာ ကာကွယ်ဆေးအပြည့်ထိုးထားရုံသာမက အပိုဆောင်း ကာကွယ်ဆေးပါ ထိုးထားပြီးဖြစ်ကြောင်းနှင့် ဇနီးသည်တွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရခြင်းမရှိကြောင်း အိုဘားမားက ပြောသည်။

ရောဂါကူးစက်မှုများ ကျဆင်းလာလျှင်ပင် ကာကွယ်ဆေးမထိုးရသေးသူများ ကာကွယ်ဆေးထိုးရန် လိုအပ်သည်ဟု အိုဘားမားက ပြောသည်။ အိုဘားမားမှာ အသက် ၆၀ ရှိပြီဖြစ်ပြီး ၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အမေရိကန်၏ ၄၄ ဆက်မြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၇၉ သန်းရှိပြီး မတ် ၁၃ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ် – ၁၉ နှင့်ဆက်စပ်၍ သေဆုံးသူပေါင်းမှာ ၉၆၇၀၀၀ ရှိသည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်၏ တွက်ချက်မှုများအရ သိရသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း၌ အင်အားပြင်းထန်သည့် ငလျင်လှုပ်

**ဂျကာတာ မတ် ၁၄**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းပြည်နယ်ဖြစ်သည့် မြောက်ဆူမားတြားတွင် မတ် ၁၄ ရက် နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၉ မဂ္ဂနီကျူုရှိသည့် ငလျင်လှုပ်ခတ်ခဲ့ရာ သေဆုံးသူရှိမရှိမသိရသေးကြောင်း အာဏာပိုင်များက ပြောသည်။

ငလျင်ကြောင့် ဆူနာမီဖြစ်ပွားနိုင်ခြေမရှိဟု မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောသည်။ နံနက် ၄ နာရီ ၉ မိနစ်တွင် ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ အဓိကငလျင်ကြီး လှုပ်ခတ်ပြီးနောက် နံနက် ၄ နာရီ ၃၈ မိနစ်တွင် ပြင်းအား ၆ ဒသမ ၀ ရှိ ငလျင်ထပ်မံလှုပ်ခတ်ခဲ့သည်။ ငလျင်လှုပ်ခတ်မှုကို အနောက်ဆူမားတြားနှင့် ဂျမ်ဘီတို့တွင်လည်း ခံစားခဲ့ရသည်ဟု အေဂျင်စီက ပြောသည်။

အနောက်ဆူမားတြားပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုယူနစ်မှ အကြီးအကဲဖြစ်သူ ဂျူမိုင်ဒီက ငလျင်ကြောင့် ပျက်စီးသေဆုံးမှုစာရင်းကို မသိရသေးကြောင်း ဆင်ဟွာသို့ ပြောသည်။ ပဒိန်းမြို့နှင့် ဆီဘီရုတ်တို့တွင်မူ ပျက်စီးဆုံးရှုံးမှုများမရှိကြောင်း သို့သော်လည်း အခြေအနေကိုဆက်လက်စောင့်ကြည့်ရဦးမည်ဟု ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

# မိုဇမ်ဘစ်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ဂွမ်ဘီကြောင့် သေဆုံးသူ ၁၂ ဦးအထိ ရှိလာ

**မာပူတို မတ် ၁၄**

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း ဂွမ်ဘီကြောင့် မိုဇမ်ဘစ်နိုင်ငံ၌ သေဆုံးသူဦးရေမှာ ၁၂ ဦးအထိ ရှိလာသည်ဟု သဘာဝဘေး စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်လျှော့ချရေး အမျိုးသားအင်စတီကျူက မတ် ၁၃ ရက်တွင် ပြောသည်။

သစ်ပင်များနှင့် နေအိမ်များ ပြိုလဲခြင်းတို့ကြောင့် လူသေဆုံးမှုများ ဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု သဘာဝဘေးစီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်လျှော့ချရေး အမျိုးသားအင်စတီကျူက ပြောသည်။



ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးနေမှုကို တွေ့ရစဉ်။

ဇမ်ဘီဇိုင်ယာပြည်နယ်တွင်လည်း ဆိုင်ကလုန်းကြောင့် လူတစ်ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဇမ်ဘီဇိုင်နှင့် နမ်ပူလာမြို့တို့တွင် လူပေါင်း ၃၀၀၅၄ ဦး ထိခိုက်ခံစားခဲ့ရသည်ဟု သိရသည်။

လူပေါင်း ၄၀ ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ပေါင်း ၃၀၁၄ အိမ်မှာ ပျက်စီးခဲ့ရပြီး ကျောင်းပေါင်း ၁၁၃ ကျောင်းမှာလည်း မုန်တိုင်းဒဏ် ခံစားခဲ့ရသည်။ ယင်းကြောင့် ကျောင်းနေအရွယ် ကလေးငယ်ပေါင်း ၁၄၇၇၅ ဦးမှာလည်း မုန်တိုင်းဒဏ် ခံစားခဲ့ရသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ ဆီနိုဗက် ကိုဗစ် - ၁၉ ကာကွယ်ဆေးကို ကလေးများတွင် အသုံးပြုရန် ခွင့်ပြုပေး

**မနီလာ မတ် ၁၄**

တရုတ်နိုင်ငံထုတ် ဆီနိုဗက် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ကလေးငယ်များတွင် သုံးစွဲခွင့်အတွက် ဖိလစ်ပိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနမှ ခွင့်ပြုချက်ပေးလိုက်သည်ဟု ကျန်းမာရေးဝန်ကြီး ဖရန်စစ္စကို ဒုကီက ပြောသည်။

အသက် ၆ နှစ်နှင့်အထက် ကလေးများကို မကြာမီအချိန်တွင် ဆီနိုဗက်ကာကွယ်ဆေးထိုးပေးတော့မည်ဟု ၎င်းက ပြောသည်။ ဖိလစ်ပိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနသည် မူလက ဖိုက်ဇာကာကွယ်ဆေးကိုသာ ကလေးများတွင် သုံးစွဲခွင့်ပြုပေးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ မတ် ၁၀ ရက်အထိ ကာကွယ်ဆေးအလုံးရေ ၁၃၈ သန်းကို ထိုးနှံပေးပြီးဖြစ်ရာ လူဦးရေ၏ ၆၄ သန်းကို ကာကွယ်ဆေးအပြည့် ထိုးပြီးဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၆၇ သန်းရှိပြီး ကိုဗစ် – ၁၉နှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေမှာ ၅၇၆၁၀ ရှိသည်။ လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက်က တရုတ်နိုင်ငံမှ လှူဒါန်းလိုက်သည့် ကာကွယ်ဆေးများ ရရှိပြီးနောက် မကြာမီအချိန်အတွင်း ဖိလစ်ပိုင်နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်ခဲ့သည်။

ဆင်ဟွာ

# သီရိလင်္ကာလူငယ်များအတွက် အလုပ်အကိုင်တစ်သန်း အစိုးရဖန်တီးပေးမည်

**ကိုလံဘို မတ် ၁၄**

သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်–၁၉ ကပ်ရောဂါပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိရန် မျှော်မှန်းနေချိန် အစိုးရက "သီရိလင်္ကာအတွက်မျှော်လင့်ချက်" ဟုခေါ်သည့် အစီအစဉ်မှတစ်ဆင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်းတစ်သန်း ဖန်တီးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"သီရိလင်္ကာအတွက် မျှော်လင့်ချက်" ဟုခေါ်သည့် အဆိုပါအစီအစဉ်ကို မေလတွင် စတင်သွားမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ ပြည်နယ်ပေါင်းကိုးခုကို လွှမ်းခြုံသည့် အလုပ်အကိုင်ပြပွဲများကို အတော်များများ ပြုလုပ်သွားမည်ဖြစ်သည်။ အလုပ်အကိုင်ရှာဖွေသူများ၊ စီးပွားရေး စွန့်ဦးတီထွင်သူများ၊ နိုင်ငံခြားအလုပ်အကိုင်ရှာဖွေပေးရေး ကိုယ်စားလှယ်များလည်း ကျွမ်းကျင်မှုစွမ်းရည် မြင့်တက်စေသည့် အလုပ်အကိုင်ပြပွဲများတွင် ပါဝင်သွားမည်ဖြစ်ပြီး သက်မွေးလုပ်ငန်းများကို တစ်နေရာတည်းတွင် ပြသသွားမည်ဖြစ်ကြောင်း အားကစားနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး နာမယ်လ် ရာဂျာပက်ဆာက ပြောကြားလိုက်သည်။

ရာဂျာပက်ဆာက အဆိုပါအစီအစဉ်၏ ရည်ရွယ်ချက်မှာ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးမှ အလုပ်အကိုင်များအပြင် လူငယ်များအနေဖြင့် နိုင်ငံခြားတွင် ကျွမ်းကျင်အလုပ်သမားများ အနေဖြင့်သော်လည်းကောင်း၊ စွန့်ဦးတီထွင်စီးပွားရေး စတင်သူများအဖြစ်သော်လည်းကောင်း လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားလိုက်သည်။

နိုင်ငံသားအများစု ကိုဗစ်–၁၉ ကာကွယ်ဆေးများ ထိုးနှံပြီးဖြစ်သလို အပိုဆောင်း ကိုဗစ်–၁၉ ကာကွယ်ဆေးများလည်း ထိုးနှံပြီးဖြစ်သဖြင့် သီရိလင်္ကာကျန်းမာရေးဝန်ကြီးက လွန်ခဲ့သော သီတင်းပတ်က ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာ တင်းကျပ်မှုများကို လျှော့ချလိုက်ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဆင်ဟွာ

# ယခုနှစ်အတွက် နိုဘယ်ဆုပေးပွဲအခမ်းအနားနှင့် ပတ်သက်၍ အစီအစဉ်များ ကြေညာ

**စတော့ဟုမ်း မတ် ၁၄**

ယခုနှစ်အတွက် နိုဘယ်ဆုပေးပွဲအခမ်းအနားကို ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် ဆုရရှိသူများကိုပါ ဖိတ်ခေါ်၍ ကျင်းပသွားမည်ဟု နိုဘယ်ဖောင်ဒေးရှင်းက ပြောသည်။

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် နိုဘယ်ဆုပေးပွဲ သီတင်းပတ်ကို ကျင်းပမည်ဟု ဖောင်ဒေးရှင်းမှ ကြေညာခဲ့သည်။ အောက်တိုဘာ ၃ ရက်မှ ၁၀ ရက်အထိ ဆုရရှိသူများကို ကြေညာပြီးသည့်နောက် ဒီဇင်ဘာလတွင် ပွဲကျင်းပသွားမည်ဟု သိရသည်။

နိုဘယ်ဆုပေးပွဲနှင့် စားသောက်ပွဲအခမ်းအနားမှာ ကိုဗစ် – ၁၉ ကူးစက်မှုများကြောင့် လွန်ခဲ့သည့် နှစ်နှစ်လုံးလုံး ကျင်းပနိုင်ခဲ့ခြင်းမရှိချေ။ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် နိုဘယ်ဆုရှင်များမှာ ၎င်းတို့၏ တိုင်းပြည်များတွင်သာ ဆုလက်ခံခဲ့ရသည်။

အင်န်အိတ်ချ်ကေ

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသင်းသင်းအေး၊ ပါမောက္ခဌာနမှူး သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကိုတင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။ ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့အမျိုးသားစိတ်ဓာတ် မကြာမီ ပြန်လည်နိုးကြားလာတဲ့ အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်၊ သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်း မပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီးတစ်သင်း ထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံအမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀ မှာ အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အားပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်စိတ်အမွှာမွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့ အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ တို့ဗမာအစည်းအရုံးရဲ့ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင် တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈–၁၉၃၉ ကာလဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်–ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန်ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀–၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀–၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အားတော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြား လေ့လာလို့ရတယ်။ ဥပမာ–ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂–၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကိုလေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင်မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေး အရယူခြင်း ခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်း အက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု–အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီအုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်းအုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့၊ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈–၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်း ဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈–၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှု ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀–၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂–၁၉၇၄ အထိကာလကို တော်လှန်ရေးကောင်စီ အစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄–၁၉၈၈ အထိကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။ ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ် ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီအင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါ အချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံ အခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်းစစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရာဂျ်ခေါ်ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်း ဂန္ဒီ၏ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကို တွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

အကြမ်းတမ်းဆုံးနဲ့အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။ စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကိုသိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ဖြစ်တယ်။ ဒါတွေကိုတစ်ခုချင်းလေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများလွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှအကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့အုပ်စုကို အနောက်အုပ်စု(သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ စတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေး ခံယူချက်တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကို တွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ အမေရိကန်နဲ့ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ –

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များ ဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ်အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော(Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။ အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း(က)၊ အပိုင်း(ခ)၊ အပိုင်း(ဂ)၊ အပိုင်း(ဃ)ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်းအပိုင်း(က)မှာ နံပါတ် ၁။ (က)၊ ၁။ (ခ) ဆိုပြီးပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅)ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅)ပုဒ် စုစုပေါင်း (၁၀)ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀)မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(က)၏ နံပါတ် ၁။ (ခ) မေးခွန်းမှာ အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင်ရေးပါ ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅)ပုဒ်၊ ကမ္ဘာ့သမိုင်းမှ(၅)ပုဒ် စုစုပေါင်း (၁၀)ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်ဟာ (၁)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀)မှတ် ဖြစ်တယ်။

မေးခွန်းအပိုင်း (က)တစ်ခုလုံးဟာ ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်တဲ့အတွက် ယခုပညာသင်နှစ်အတွက် ပြဋ္ဌာန်းထားတဲ့ သင်ရိုးတစ်ခုလုံးကို လွှမ်းခြုံအောင်မေးထားတာဖြစ်တယ်။ ကျောင်းသူ ကျောင်းသားများရဲ့ ဘာသာရပ်ပိုင်နိုင်မှုကိုဆန်းစစ်ထားတဲ့ မေးခွန်းများဖြစ်တယ်။

မေးခွန်း အပိုင်း(ခ)မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄)ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို (၄)ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ်ရမှတ်မှာ (၅)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၂၀)မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(ဂ)မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၄)ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၄)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ (၁၅)မှတ်ဖြစ်ပြီး (၂)ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀)မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(ဃ)မှာ ကမ္ဘာ့သမိုင်းမေးခွန်းများဖြစ်ပြီး စုစုပေါင်း (၄)ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၄)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ (၁၅)မှတ်ဖြစ်ပြီး (၂)ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀)မှတ် ဖြစ်တယ်။ မေးခွန်းအပိုင်း(ဂ)နဲ့ အပိုင်း(ဃ)ဟာ သမိုင်းကြောင်းအချက်အလက်များ၊ သမိုင်းစဉ်ဆက်စပ်မှုများကို မေးထားတဲ့မေးခွန်းများဖြစ်တယ်။

ကျောင်းသူကျောင်းသားများကို မှာချင်တာကတော့

၁။ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာအချက်အလက်များနဲ့ သမိုင်းစဉ်ဆက်စပ်မှုကို အထူးသတိထားပြီးလေ့လာရန်

၂။ ယခု ပညာသင်နှစ်အတွက်ပြဋ္ဌာန်းထားတဲ့ သင်ခန်းစာများကို ကောင်းစွာလေ့လာထားရန်

၃။ မေးခွန်းကိုသေသေချာချာဖတ်ပြီး မေးခွန်းနဲ့သက်ဆိုင်ရာကိုသာ ရေးဖြေရန်လိုကြောင်းတင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာအလယ်တန်းအဆင့် Grade-9 စာမေးပွဲကို မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျောင်းသားကျောင်းသူ ၃၀၀၀၀ ဝင်ရောက်ဖြေဆိုမည်

**မန္တလေး မတ် ၁၄**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာအလယ်တန်းအဆင့် Grade-9 စာမေးပွဲကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် စာစစ်ဌာနများတွင် ကျောင်းသားကျောင်းသူဦးရေ၃၀၀၀၀ ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်က ပြောကြားသည်။

အဆိုပါ စာမေးပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် စာစစ်ဌာန ၁၂၀၂ ခု စီစဉ်ဖွင့်လှစ်ထားရှိပြီး ယင်းစာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားကျောင်းသူဦးရေ ၃၀၀၀၀ ရှိကြောင်း၊ အဆိုပါ Grade-9 စာမေးပွဲ စစ်ဆေးမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးမှ တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာအလယ်တန်းအဆင့် Grade-9 စာမေးပွဲကို ခရိုင်အလိုက် စာစစ်ဌာနများ၌ ဖြေဆိုကြရာတွင် မန္တလေးခရိုင်၌ စာစစ်ဌာန ၁၂၂ ခု၊ ဖြေဆိုသူဦးရေ ၄၂၃၃ ဦး၊ ပြင်ဦးလွင်ခရိုင်၌ စာစစ်ဌာန ၂၃၇ ခု၊ ဖြေဆိုသူဦးရေ ၃၇၃၁ ဦး၊ ကျောက်ဆည်ခရိုင်၌ စာစစ်ဌာန ၁၂၈ ခု၊ ဖြေဆိုသူဦးရေ၄၂၅၃ ဦး၊ မိတ္ထီလာခရိုင်၌ စာစစ်ဌာန ၂၁၇ ခု၊ ဖြေဆိုသူဦးရေ ၇၇၉၆ ဦး၊ မြင်းခြံခရိုင်၌ စာစစ်ဌာန ၁၉၉ ခု၊ ဖြေဆိုသူဦးရေ ၂၉၀၁ ဦး၊ ရမည်းသင်းခရိုင်၌ စာစစ်ဌာန ၁၅၀ ခု၊ ဖြေဆိုသူဦးရေ ၅၃၇၇ ဦး၊ ညောင်ဦးခရိုင်၌ စာစစ်ဌာန ၁၄၉ ခု၊ ဖြေဆိုသူဦးရေ ၁၇၀၉ ဦးဖြစ်ပြီး၊ စုစုပေါင်းစာစစ်ဌာန ၁၂၀၂ ခု၌ ဖြေဆိုသူဦးရေ ၃၀၀၀၀ ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

## ပန်းတနော်မြို့နယ်တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသားကျောင်းသူ ၁၄၉၄ ဦး ဝင်ရောက်ဖြေဆိုမည်

**ပန်းတနော် မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၉ ရက်အထိ ကျင်းပပြုလုပ်မည့် တက္ကသိုလ်ဝင် စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၄၉၄ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲကို ပန်းတနော်မြို့နယ်အတွင်း စာစစ်ဌာန ၁၃ ခု ထားရှိ၍ ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲသို့ မြို့ပေါ် နှစ်ကျောင်းနှင့် ကျေးရွာ ၁၁ ကျောင်းတို့ရှိကျောင်းတွင်းဖြေဆိုသူ ၁၂၁၇ ဦးနှင့် အပြင်ဖြေဆိုသူ ၂၇၇ ဦး စုစုပေါင်း ၁၄၉၄ ဦးတို့က ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော် (ပြန်/ဆက်)**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဥပဒေရေးရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ထားဝယ် မတ် ၁၄

**တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဥပဒေရေးရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ ဆန်းချီရပ်ကွက်ရှိ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



ဆွေးနွေးပွဲသို့ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်း အောင်မြင့်၊ တနင်္သာရီတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီး များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စား လှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည် ထောင်စု ဝန်ကြီးက ဥပဒေပညာ ရပ်သည် မိမိအတွက်၊ တိုင်းပြည် အတွက် အကျိုးရှိသည့် ပညာရပ် ဖြစ်ပါကြောင်း၊ တိုင်းရင်းသား အရေးကိစ္စများ ဆောင်ရွက်ရာတွင် ကြိုးစားလုပ်ကိုင် ဆောင်ရွက်ကြ စေလိုပါကြောင်း၊ တစ်ဖက်တွင် လည်း တိုင်းပြည်တိုးတက်ရေး ကိစ္စရပ်များကို ဝိုင်းဝန်းလုပ်ဆောင် ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်း သား လူမျိုးများသည် တစ်ဦးနှင့် တစ်ဦး ယုံယုံကြည်ကြည် ဆက်ဆံကြပြီး အပြန်အလှန် ရိုင်းပင်းကူညီကြမှသာ တိုင်းပြည် အေးချမ်းမည် ဖြစ်ပါကြောင်း၊ တိုင်းပြည် အေးချမ်းမှသာ ငြိမ်းချမ်းရေးသည်လည်း ဖြစ် ထွန်း အောင်မြင်လာနိုင်မည်ဖြစ် ပါကြောင်း ပြောကြားသည်။

### ဥပဒေများ သိရှိထားရန်

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းရင်းသားများ အရေးကို လုပ်ကိုင်ဆောင်ရွက် နေကြသော စာပေနှင့် ယဉ်ကျေးမှု အဖွဲ့များနှင့် တိုင်းရင်းသားများ သည် ဥပဒေ၊ နည်းဥပဒေများကို ကျေကျေညက်ညက် သိရှိထားရန် လိုအပ်သကဲ့သို့ ဆက်စပ်ဥပဒေ များကိုလည်း နားလည်သိရှိထား ရန် လိုအပ်ပါကြောင်း၊ သို့မှသာ တိုင်းရင်းသားအရေးကို ပိုမို လွယ်ကူလျင်မြန်စွာ လုပ်ကိုင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### အခွင့်အရေးနှင့် ရပိုင်ခွင့်

အဆိုပါ ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးဇော်အေးမောင် က (၂၀၀၈) ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏ အခွင့် အရေးများနှင့် တာဝန်များ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့် အရေး ကာကွယ်စောင့်ရှောက် သည့် ဥပဒေပါ တိုင်းရင်းသား ရေးရာ ကိစ္စရပ်များ၊ အခွင့်အရေး နှင့် ရပိုင်ခွင့်များကိုလည်းကောင်း၊ ဥပဒေပါ တားမြစ်ချက်နှင့် ပြစ်ဒဏ်များကို သိရှိပြီး လိုက်နာ ရန်နှင့် သတိပြုရန် အချက်များကို လည်းကောင်း၊ တိုင်းရင်းသားများ အချင်းချင်း (သို့မဟုတ်) တိုင်းရင်း သားလူမျိုးစုအတွင်း အငြင်းပွား မှုများနှင့်ပတ်သက်၍ တင်ပြ ဆောင်ရွက်ရမည့် နည်းလမ်းတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောပို့ချသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ဘာသာရေး ခေါင်းဆောင်များ၊ အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် တိုင်းဒေသ ကြီး အစိုးရရုံးသာ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

### လူမှုစီးပွားဘဝတိုးတက်ရေး

တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက မိမိတို့အနေဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ် များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံး ကြိုးစားဆောင် ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီသည် ငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးကို ရှေးရှု၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက် များကို အလေးထား ဆောင်ရွက် လျက် ရှိပါကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် "ပန်းခင်း စီမံချက်" အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးခြင်း လုပ်ငန်းသည် တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ပြန်လည်ကျင်းပ နိုင်ရေးအတွက် အရေးကြီးသဖြင့် တိုင်းရင်းသားများအားလုံး ပူးပေါင်း ပါဝင် ကူညီဆောင်ရွက်ကြစေလို ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘာသာရေး ခေါင်းဆောင်များ၊ အဖွဲ့အစည်းမှ တာဝန်ရှိသူများက တိုင်းရင်းသား ရေးရာကိစ္စများကို ဆွေးနွေးတင်ပြ ပြီး မူးယစ်ဆေးဝါးကာကွယ် တားဆီးရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင် ရွက်ပေးနိုင်ရေး၊ တိုင်းရင်းသား ဘာသာသင် ဆရာ ဆရာမ များအား ကြီးကြပ်ကူညီထောက်ပံ့ နိုင်သည့် ပညာရေးအရာရှိများ ခန့်ထားပေးနိုင်ရေး ကိစ္စရပ်များ ကို ဆွေးနွေးတင်ပြကြရာ ပြည် ထောင်စု ဝန်ကြီးက ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

### အဘိဓာန်စာအုပ်များ ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် ပြည် ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး တို့သည် ဘာသာရေးခေါင်းဆောင် များနှင့် အဖွဲ့အစည်းမှ တာဝန်ရှိ သူများကို ကရင်အမျိုးသား သမိုင်း ကြောင်းစာအုပ်နှင့် အင်္ဂလိပ်-စကောကရင်-အနောက်ပိုးကရင်-မြန်မာ ပူးတွဲအဘိဓာန်စာအုပ် များကို ပေးအပ်ကြသည်။

**သတင်းစဉ်**

# ဟန်လင်းတောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ်၊ စက်တင် ဘာလတွင် ထုတ်ပြန်သည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံး၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်း ကျရောက် နေသည့် ဧရိယာအကျယ်အဝန်း (၁၅,၀၀၀) ဧကရှိသော နယ်မြေကို "ဟန်လင်းတောင် ကြိုးပြင်ကာကွယ်တော" အဖြစ် အမိန့်ကြော်ငြာ စာအမှတ် (၅၅/၂၀၂၂) အရ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်းကြေညာ လိုက်သည်။



ဟန်လင်းတောင်ကြိုးပြင်ကာကွယ်တောသည် ရေ၊ မြေထိန်းသိမ်း ကာကွယ်ခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်း၊ မြေဆီမြေသား ကောင်းမွန်ခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း စသည့် လိုအပ် ချက်များကို သဘာဝသစ်တောများမှသာ အထိရောက်ဆုံး ဖြည့်ဆည်း ပေးနိုင်မည် ဖြစ်သဖြင့် သဘာဝတောများကို အစွန့်ရှည်စွာတည်တံ့ ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်း ဖြစ်ပါသည်။

ဟန်လင်းတောင် ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း ဆင်တုံးမနွယ်၊ ရှဉ့်မတက်၊ ဝံအူ၊ ကျားမနိုင်၊ သားမယားဥ၊ တောင်နံကြီးစသည့် ဆေးဖက်ဝင်အပင်များ ပေါများစွာ ပေါက် ရောက်ခြင်း၊ တောဝက်၊ တောကြောင်၊ တောကြက်၊ ချေ၊ ရစ်၊ ယုန်၊ ချိုး၊ ခါ စသည့် တိရစ္ဆာန်များ၏ ကျက်စားရာနေရာ ဒေသဖြစ်ခြင်း၊ အဖိုးတန်သစ်မျိုးများဖြစ်သည့် ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ရာ၊ ယင်းမာ အစရှိသည့် သစ်မျိုးများအပါအဝင် ရင်းတိုက်၊ လွန်ဖို၊ နဘဲ၊ ဖန်ခါး၊ သရက်ကြီး၊ ကျွန်းခေါက်နွယ်၊ လျှော်၊ ကြို့ စသည်တို့ ပေါက်ရောက်ခြင်းနှင့် မြို့ကြီးဆည်၏ ရေဝေရေလဲဧရိယာဖြစ်ခြင်း တို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်း ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၄

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာ ကျဲကျဲနှင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ် နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

# မတ်  ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်  ၈၈၀ တွေ့ရှိ

## ထပ်မံသေဆုံးသူ နှစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၁၁ ဦးရှိ

(၁၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၃၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၈၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၆.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၃၉၈,၈၁၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၀၆,၂၂၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၂၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၅၈,၇၃၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၁၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၄–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၄၅) ခု | (၃၇၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၄၃) ခု | (၁၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၁) ခု | (၁၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၅၅) ခု | (၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၈၁) ခု | (၁၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၀၈၀) ခု | (၃၄၀) ဦး |
| စုစုပေါင်း | (၁၄,၃၀၁) ခု | (၈၈၀) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှု ခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို ၅ ဆ အထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆ အထက်၊ ရောဂါကြောင့်သေဆုံးရမှုကို ၁၀ ဆ အထက် လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့် အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံး နည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သည့် မိဘပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့် အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ် မှ အသက် ၁၈ နှစ် အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင် အလေးထားဆောင်ရွက်လျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၄- ၃ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၁၇၄၆၇၇ | ၅၆၀၇၁၁၀၃ | ၉၉၃၈၁၁ |
| ၂။ | အိန္ဒိယ | ၄၂၉၉၃၄၉၄ | ၄၂၄၄၁၄၄၉ | ၅၁၅၉၀၇ |
| ၃။ | ဘရာဇီး | ၂၉၃၆၈၇၇၆ | ၂၇၇၄၂၃၂၄ | ၆၅၅၁၃၉ |
| ၄။ | ပြင်သစ် | ၂၃၅၁၄၁၄၄ | ၂၂၆၁၂၉၇ | ၁၄၀၁၀၉ |
| ၅။ | ဗြိတိန် | ၁၉၅၃၀၄၈၅ | ၁၈၂၂၉၃၀၇ | ၁၆၂၇၃၈ |
| ၆။ | ရုရှား | ၁၇၃၇၆၂၄၁ | ၁၅၅၈၅၆၅၀ | ၃၆၁၃၄၄ |
| ၇။ | ဂျာမနီ | ၁၇၂၄၀၄၇၉ | ၁၃၅၀၁၄၀၀ | ၁၂၆၁၀၉ |
| ၈။ | တူရကီ | ၁၄၅၅၁၆၆၅ | ၁၄၁၄၄၀၈၀ | ၉၆၄၈၇ |
| ၉။ | အီတလီ | ၁၃၃၇၃၂၀၇ | ၁၂၂၁၆၈၃၅ | ၁၅၆၈၆၈ |
| ၁၀။ | စပိန် | ၁၁၂၂၃၉၇၄ | ၁၀၂၉၉၃၉၄ | ၁၀၁၁၃၅ |

## ၁၄-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၆၁၁၂၆၄၈ | ၃၁၆၃၅၇၁ | ၄၁၃၈၅ |
| အင်ဒိုနီးရှား | ၅၉၀၀၁၂၄ | ၅၄၃၄၇၂၉ | ၁၅၂၄၃၇ |
| မလေးရှား | ၃၈၂၃၅၇၁ | ၃၄၆၈၈၈ | ၃၃၈၀၇ |
| ဖိလစ်ပိုင် | ၃၆၇၁၂၉၃ | ၃၅၆၇၄၁၂ | ၅၇၆၂၅ |
| ထိုင်း | ၃၂၀၆၉၅၅ | ၂၉၅၇၂၈၈ | ၂၃၇၈၁ |
| စင်ကာပူ | ၉၃၉၄၃၆ | ၈၉၂၂၂ | ၁၁၄၅ |
| မြန်မာ | ၆၀၆၂၂၇ | ၅၅၈၇၃၆ | ၁၉၄၁၁ |
| လာအို | ၁၄၆၆၈၇ | ၁၄၄၈၁၃ | ၆၄၁ |
| ကမ္ဘောဒီးယား | ၁၃၄၂၁၃ | ၁၂၉၂၉၂ | ၃၀၄၇ |
| ဘရူနိုင်း | ၁၁၄၃၇၁ | ၈၃၇၆၁ | ၁၇၀ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ကာကွယ်ဆေးထုတ်လုပ်မှု မှတ်တိုင်အသစ် Myancopharm

## ဒေါက်တာအောင်ဇော်(စက်မှု/ဆေးဝါး)








Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး။

ယခင်က တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာတွင် နေကောင်းလား၊ ထမင်းစားပြီးပြီလားဟု နှုတ်ဆက်လေ့ရှိပါသည်။ ယခု Omicron ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့နေသည့်ကာလတွင် လူနှစ်ဦးတွေ့သည်နှင့် မေးလေ့ရှိသည်မှာ "ဖျားပြီးပြီလား" ဟု မေးရသည် အထိ Omicron ကိုဗစ်-၁၉ ရောဂါမှာ ကူးစက်မှု မြန်လှကြောင်း တွေ့ရှိရပါသည်။ Omicron ကိုဗစ်-၁၉ ရောဂါမျိုးကွဲဗီဇဗိုင်းရပ်စ်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှစ၍ တရုတ်နိုင်ငံ ဝူဟန်မြို့၌ စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ပိုးမှတစ်ဆင့် မျိုးရိုးဗီဇပြောင်းလဲဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှ ယခုအချိန်ထိဆိုလျှင် အချိန်ကာလအားဖြင့် နှစ်နှစ်နှင့် သုံးလနီးပါး ကြာမြင့်ပြီဖြစ်သော်လည်း ယခုချိန်ထိ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာပေါ်မှ လုံးဝပျောက်ကွယ်သွားအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။ ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်၏မျိုးကွဲများ ထပ်မံပေါ်ထွက်လာမှု၊ ကာကွယ်ဆေးများ ထပ်မံထိုးနှံလာနိုင်မှုတို့နှင့် ယခုမျက်မှောက်ကမ္ဘာကြီးသည် ကိုဗစ်-၁၉ရောဂါနှင့် အတူ ယှဉ်တွဲနေထိုင်ရေးလမ်းကြောင်းသို့ ပြောင်းလဲလာကြောင်း တွေ့ရှိရသည်။

### ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရေး

ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရေး ဆိုသည်မှာ ကိုဗစ်-၁၉ ရောဂါအား လုံးဝကင်းစင်အောင် ပြုလုပ်နိုင်ခြင်းမရှိသေးခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကူးစက်မှုနှုန်း လျော့ကျစေရန် ကာကွယ်ဆေးများကို လူတိုင်းထိုးနှံနိုင်ရေး၊ စွမ်းအားမြှင့် "Booster" ပုံမှန်ထိုးနှံ၍ ကိုဗစ်-၁၉ ရောဂါ၏ပြင်းထန်မှုကို လျှော့ချခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ကာကွယ်ရေးနည်းလမ်းများကို တတ်နိုင်သမျှ လိုက်နာကျင့်သုံးခြင်းဖြစ်ပါသည်။

၂၀၂၂ ခုနှစ် မတ်လ ၁၃ ရက်နေ့အထိ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု သန်းပေါင်း ၄၅၇ သန်းကျော်ရှိပြီး သေဆုံးသူ ခြောက်သန်းကျော်သွားပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ကိန်းဂဏန်းအချက်အလက်များအရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၆၀၅၃၄၇ ဦးရှိပြီး သေဆုံးသူ ၁၉၄၀၉ ဦးရှိပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကာကွယ်ဆေးထိုးနှံမှု

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာပေါ်မှ လုံးဝပျောက်ကင်းရန် အချိန်ကာလတစ်ခု ကြာမြင့်မည်မှာ သေချာနေသည့်အတွက် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံခြင်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးခြောက်မျိုး (Covidshield၊ Covaxin၊ Sinovac၊ Sinopharm၊ Sputnik၊ Astrazeneca) စုစုပေါင်းဒို့စ် ၆၁ ဒသမ ၉ သန်း (လှူဒါန်း+ဝယ်ယူ) အသုံးပြု၍ ကာကွယ်ဆေးထိုးနှံမှု ရည်မှန်းချက်၏ ၆၄ ရာခိုင်နှုန်း ထိုးနှံပြီးဖြစ်ကြောင်း၊ မေလနှင့် ဇွန်လများတွင် ၁၀၀ ရာခိုင်နှုန်း ပြည့်မီအောင် ထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

### ကာကွယ်ဆေးအတွက် ကြိုးပမ်းချက်

ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရမည်ဖြစ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား စွမ်းအားမြှင့် (Booster) ထိုးနှံခြင်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်လိုအပ်နေဦးမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinopharm CNBG ဆေးဝါးကုမ္ပဏီနှင့် ပူးပေါင်း၍ ပြည်တွင်း၌ပင် ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinopharm CNBG ဆေးဝါးစက်ရုံနှင့် ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့ပါသည်။ ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာဆိုင်ရာ ကိစ္စရပ်များ ဆက်လက်ဆွေးနွေးညှိနှိုင်းရန်အတွက် ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာဆိုင်ရာ လျှို့ဝှက်ချက်ထိန်းသိမ်းမှုသဘောတူစာချုပ် (Non Disclosure Agreement)အား ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ အတွက် မြန်မာနိုင်ငံမှ ကာကွယ်ဆေးထုတ်လုပ်နေသည့် စက်ရုံများ၏ GMP ဆိုင်ရာ အချက်အလက်များ၊ ကာကွယ်ဆေးထုတ်လုပ်သည့် စက်ပစ္စည်းများ၏ အခြေခံအချက်များကြောင့် ကာကွယ်ဆေးများ ထုတ်လုပ်နိုင်သည့်အခြေအနေရှိကြောင်း CNBG မှ ပြန်ကြားခဲ့ပါသည်။ အဓိကအားဖြင့် ယခင်ကာကွယ်ဆေးနှင့် မြွေဆိပ်ဖြေဆေးများကို အောင်မြင်စွာ ထုတ်လုပ်နိုင်သည့် အခြေခံစက်များရှိခြင်းကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ထုတ်လုပ်မည့် ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)သို့ ၈-၁၀-၂၀၂၁ ရက်နေ့တွင် ကြွရောက်ချီးမြှင့်၍ အားပေးခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ရေး ကြိုးပမ်းမှုများ ပိုမိုအရှိန်မြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

### ကာကွယ်ဆေးအတွက် ဆောင်ရွက်ချက်

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်မှု လုပ်ငန်းစီမံချက်ဇယားတွင် လုပ်ငန်းအဆင့်ပေါင်း ၁၃ ဆင့်ရှိသည့်အနက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား စတင်စမ်းသပ်ထုတ်လုပ်နိုင်ရေးအတွက် Media Fill Simulation ဟုခေါ်သည့် ဆေးဝါးထုတ်လုပ်မှုလိုင်းအတွင်း ပိုးမွှားကင်းစင်မှုရှိ၊ မရှိ စမ်းသပ်ဆောင်ရွက်ခြင်းအဆင့်မှာ မဖြစ်မနေဆောင်ရွက်ရမည့်အဆင့်ဖြစ်ပါသည်။ Media Fill Simulation ဆိုသည်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအစား Media(ပိုးပေါက်လွယ်သည့်အရည်)အား အသုံးပြု၍ ကာကွယ်ဆေးထုတ်လုပ်သည့်ပုံစံအတိုင်း ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ နေ့စဉ်ထုတ်လုပ်မည့်ဆေးပမာဏအတိုင်း စမ်းသပ်ထုတ်လုပ်၍ အဆိုပါ Media အရည်တွင် ပိုးမွှားပေါက်ဖွားမှု ရှိ၊ မရှိ ရက်သတ္တ နှစ်ပတ်စောင့်ကြည့်စမ်းသပ်ရခြင်းဖြစ်ပါသည်။ Media Fill Simulation အား တရုတ်နိုင်ငံမှပညာရှင်များ၏ အနီးကပ်ကြီးကြပ်မှုနှင့်အတူ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်မှု (Process Validation) ကို ထပ်မံဆောင်ရွက်ခဲ့ပါသည်။

Process Validation ဆိုသည်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ရန် အသုံးပြုမည့် စက်ပစ္စည်းများ၊ ထုတ်လုပ်မှုအခန်းများနှင့် ဝန်ထမ်းများအသုံးပြု၍ ကာကွယ်ဆေးအစစ်ဖြင့် ထုတ်လုပ်မှုဆောင်ရွက်ခြင်းဖြစ်ပါသည်။ Media Fill Simulation နှင့် Process Validation ကွာခြားသည်မှာ Media အရည်နေရာတွင် ကာကွယ်ဆေးအစစ်ဖြင့် စမ်းသပ်ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ထုတ်လုပ်မှုအပတ်စဉ် သုံးခုဆောင်ရွက်ရပြီး ထွက်ရှိလာမည့် ကာကွယ်ဆေးများ၏ အရည်အသွေးအား သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်ရပါသည်။ Process Validation အနေဖြင့် ဆောင်ရွက်သည့် ကာကွယ်ဆေးထုတ်လုပ်မှုအပတ်စဉ် သုံးခုစလုံးမှထွက်ရှိသည့် ကာကွယ်ဆေးများ၏ အရည်အသွေးအား သတ်မှတ်စံချိန်စံနှုန်းများနှင့် ကိုက်ညီမှသာ ကာကွယ်ဆေးထုတ်လုပ်မည့်လမ်းစဉ် အောင်မြင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

ပုလင်းသွင်းဖြည့်တင်းရန်အဆင့် ကာကွယ်ဆေး (RTF Bulk)ဝယ်ယူ၍ ပုလင်းသွင်းဖြည့်တင်းခြင်း (Fill/ Finish) ဆောင်ရွက်သည်ဟု ဆိုသော်လည်း ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါ။ အာဆီယံဒေသတွင်း၌ပင် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၌သာ (Fill/Finish) ကို အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ ရေရှည်စီမံကိန်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ထုတ်လုပ်နိုင်ရေးအတွက် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အနေဖြင့် ဆောင်ရွက်နေဆဲဖြစ်ပြီး ယခုအချိန်အထိ သုတေသနပြုစမ်းသပ်ဆဲအဆင့်သာဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကာကွယ်ဆေးအား (Fill/Finish) အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ဆေး ထုတ်လုပ်မှုနည်းပညာများကို လွှဲပြောင်းရုံသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်နှစ်ဦးသည် မြန်မာနိုင်ငံသို့လာရောက်ပြီး ကာကွယ်ဆေး ထုတ်လုပ်မှုနည်းပညာများကို သင်ကြားလေ့ကျင့်ပေးခြင်းနှင့် ထုတ်လုပ်မှုကို ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏ အရည်အသွေးအား ဓာတ်ခွဲစမ်းသပ်နိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏ အာနိသင်အား စမ်းသပ်နိုင်တော့မည်ဖြစ်ပါသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အောင်မြင်စွာ ထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတော်မှနေ၍ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ သုတေသီပညာရှင်များပါဝင်သော ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ စနစ်တကျဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးအား "Myancopharm" အမည်ဖြင့် ထုတ်လုပ်သွားမည်ဖြစ်ပြီး ကာကွယ်ဆေး တစ်ပုလင်းလျှင် လူငါးဦး ထိုးနှံနိုင်ကြောင်းသိရှိရပါသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ပြည်တွင်း၌ "Myancopharm" အမည်ဖြင့် အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ခြင်းသည် နိုင်ငံ၏ ကာကွယ်ဆေးထုတ်လုပ်မှု မှတ်တမ်းအသစ်ဖြစ်ရုံသာမက ရေရှည်တွင် အခြားကာကွယ်ဆေးများ ထုတ်လုပ်ရေးအတွက် အထောက်အပံ့ဖြစ်မည်မှာ ဧကန်မလွဲသေချာလှပေသည်။ "Myancopharm" ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အောင်မြင်စွာ ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့သူများအားလုံးအား ယခုဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ။

**စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးအား "Myancopharm" အမည်ဖြင့် ထုတ်လုပ်သွားမည်ဖြစ်ပြီး ကာကွယ်ဆေး တစ်ပုလင်းလျှင် လူငါးဦး ထိုးနှံနိုင်ကြောင်း သိရှိရပါသည်။ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးအား ပြည်တွင်း၌ "Myancopharm" အမည်ဖြင့် အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ခြင်းသည် နိုင်ငံ၏ကာကွယ်ဆေးထုတ်လုပ်မှု မှတ်တမ်းအသစ်ဖြစ်ရုံသာမက ရေရှည်တွင် အခြားကာကွယ်ဆေးများ ထုတ်လုပ်ရေးအတွက် အထောက်အပံ့ဖြစ်မည်မှာ ဧကန်မလွဲ သေချာလှပေသည်။**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၃၃) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၄**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အကြို (၁၃၃) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ စန္ဒောဘာသနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ ဟောကြားသည့် ငါးပါးသီလဆိုင်ရာ တရားတော်ကို နာယူကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**



## ဘဝနတ်ထံပျံလွန်တော်မူသွားသော မိုင်းတုံမြို့နယ် မြို့မဓမ္မတော်ကျောင်းတိုက် ဦးစီးပဓာနဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အားဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၁၄**

ဘဝနတ်ထံပျံလွန်တော်မူသွားသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် မြို့မဓမ္မတော်ကျောင်းတိုက် ဦးစီးပဓာနဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစာရိန္ဒ မဟာထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်တော်အား ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာကျင်းပရန်အတွက် အလှူငွေကျပ် ၂၉၃၂၀၀၀ ကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာ ကျင်းပရန်နေရာအား သွားရောက်ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြို့မဓမ္မတော်ကျောင်းတိုက် ဆရာတော် သက်တော် ၁၀၀၊ ဝါတော် ၈၀ ရှိ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစာရိန္ဒ မဟာထေရ်မြတ်သည် မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက် (၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်) တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဆရာတော်ကြီး၏ ဥတုဇ ရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာပွဲကို ၂၀၂၂ ခုနှစ် မတ် ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် မတ် ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ပညာရောင်ခြည်စာသင်တိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ တောင်တန်းသာသနာပြု ကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရှိ ဓမ္မာရုံ အုဋ္ဌကျောင်းတိုက်သို့ လည်းကောင်း **(အပေါ်ပုံ)**၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ မြို့မစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်ရှိ အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၁၄**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နယ် မန်လီကျေးရွာဘုန်းတော်ကြီး ကျောင်းတိုက်၊ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့ ကျိုက်မုရောတောင်ဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အေးသစ္စာရပ်ကွက်ရှိ ပေါ်တော်မူကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ မဟာဓမ္မိကာရာမ ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၊ အမ်းမြို့ ဆုတောင်းပြည့်ဘုန်းတော်ကြီး ကျောင်း၊ တောင်ကုတ်မြို့ စေတျာရာမ ဘုန်းတော်ကြီးကျောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ် ဥယျာဉ်ကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝဒေးရပ်ကွက် မြသိင်္ဂီကြံခင်း ပရဟိတသီလရှင်သင်မူလတန်းလွန်ကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြင်ဦးလွင် သမအသင်းစုက မက်မန်းဝိုင်နှင့် စတော်ဘယ်ရီဝိုင်များ ထုတ်လုပ်ဖြန့်ဖြူး

**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစုလီမိတက်က မက်မန်းဝိုင်နှင့် စတော်ဘယ်ရီဝိုင်များကို ထုတ်လုပ်လျက်ရှိရာ နှောင်ပိန်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် အလင်းရောင်စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းများမှ ကုန်ကြမ်းများ ရယူဆောင်ရွက်ပြီး ထုတ်လုပ်ရရှိသော အရည်အသွေးမြင့်ဝိုင်များကို ပြင်ဦးလွင်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မိုးဦးပန်းအထွေထွေရောင်းဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်းသမဝါယမအသင်း အရောင်းဆိုင်သို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၅၅၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၉၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၆၀၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၆၆၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၈၇၃၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၂၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၆၁၆၉ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ သံဃာတော်များအပါအဝင် ဒေသခံပြည်သူ ၇၂၈ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးများထိုးနှံပေးလျက်ရှိရာ မတ် ၁၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ကျောင်းသား၊ ကျောင်းသူ ၆၉၉ ဦး၊ တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၆၂ ဆူ | ၅၆၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)စိမ်းကိန်း၊ ဗိုလ်တေဇ(၁)လမ်း၊ မြေကွက်အမှတ်(၃၅၁)၊ ဧရိယာ(၀.၀၈၃)ဧကဦးစိုးသန်း(၁၂/သဃက(နိုင်)၀၈၄၁၉၂)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော(၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငြိမ်းငြိမ်းအေး(၁/မကတ(နိုင်)၀၈၄၂၁၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L,
**ဒေါ်လင်းလင်းထက်** LL.B.

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆

## တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၁၀၁)၊ ဖလွှာ/ဘီ၊ အခန်းပိုင်ရှင် ဒေါ်စုစုလှိုင် ၇/ပခတ(နိုင်) ၀၄၄၀၀၀ထံမှ ကျွန်မ ဒေါ်ချယ်ရီသိမ့် ၁၄/ပပတ(နိုင်) ၁၇၃၇၅၇က ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေပေးချေပြီးပါ၍ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ချယ်ရီသိမ့် ၁၄/ပပတ(နိုင်) ၁၇၃၇၅၇**
**ဖုန်း-၀၉-၂၅၀၅၉၉၂၅၆**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်(၉)လမ်း၊ တိုက် ၂၊ အခန်း(၀၀၂)နေ ဒေါ်ထွေးမာ ၁၀/မလမ(နိုင်)၁၅၇၁၁၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၈၆၆)ဟုခေါ်တွင်သော ၂၅ပေxပေ၈၀၊ မြေပိုအပါ ပကတိမြေပြင်အနေအထားအတိုင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ သုံးလုံးအပါအဝင် မြေပေါ်/မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သူ ဒေါ်အေးရီ (ခ) ဒေါ်ကြည် (AG-၂၆၁၀၈၁)ထံမှ ဦးခင်ဇော် ၁၄/ရကန(နိုင်)၀၆၃၇၀၁က ၂၀-၁-၂၀၀၂ ရက်တွင် ဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။ ဦးခင်ဇော်ထံမှ ဒေါ်ကျင်မြင့် ၇/သဝတ(နိုင်) ၀၀၈၅၁၂ က ၃-၇-၂၀၂၀ရက်တွင် ထပ်မံဝယ်ယူ၍ လက်ရောက်ရရှိခဲ့ပါသည်။ ဒေါ်ကျင်မြင့်သည် ၉-၂-၂၀၂၂ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်း၏ခင်ပွန်းဖြစ်သော ဦးမောင်မောင်ကြည်(ခ) ဦးခင်မောင်ကြည် ၇/သဝတ(နိုင်)၀၀၈၅၆၆မှ လက်မှတ်ရေးထိုး ရောင်းချ၍ ဒေါ်ထွေးမာက ဝယ်ယူခဲ့ပြီး လက်ဝယ်ရရှိထားသောမြေကွက်ဖြစ်သောကြောင့် ဒေါ်ထွေးမာ၏ ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ဝင်ရောက်ခြင်း၊ စီမံခန့်ခွဲမှုပြုခြင်းများ မပြုလုပ်ကြရန်နှင့် ဒေါ်ထွေးမာ အမည်ပေါက်ရရှိရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နေသောမြေကွက် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ထွေးမာ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၇၁၁၂/၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးဖြိုးလွင်ဦး ၁၀/မလမ(နိုင်)၁၈၄၃၉၁ (ဘ)ဦးအေးမော် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၁၁၉၄)ကို ဒေါ်ကေသွယ်လှိုင် ၉/မနမ(နိုင်)၁၀၂၄၂၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ် ဇဝနဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၄ ဧကရှိ ဦးညွန့်လှိုင် ၁၂/လမန (နိုင်)၀၁၈၅၅၇ (ဘ)ဦးအုန်းဖေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၂၀၄၇)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၄၂၀/၂၀၂၀) (၂၉-၁၂-၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မေမျိုးသွယ် ၁၂/ကမတ(နိုင်)၀၅၅၈၆၅ (ဘ) ဦးခင်မောင်သန်းမှ ဒေါ်စုမြတ်လှိုင် ၉/မနမ(နိုင်)၁၀၂၄၂၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၊ ဖွဲ့ထော်ကျေးရွာနေ ဦးလှစိန်၏သမီး မသန္တာမင်း၏ အမည်မှန်မှာ မအိသန္တာမင်းဖြစ်ပါကြောင်း။

**မအိသန္တာမင်း ၁၂/သခန(နိုင်)၀၈၀၇၈၈**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## Information and Communication Technology Training Institute(ICTTI)/ India-Myanmar Centre for Enhancement of Information Technology Skills(IMCEITS) Advanced ICT Engineering
## သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် | လက်ခံမည့် သင်တန်းသားဦးရေ |
|---|---|---|---|---|
| (၁) | Professional Diploma in Java Programming Course(DJP) | ၂၄ ပတ် | ၂၅-၄-၂၀၂၂ | ၄၀ ဦး |
| (၂) | Professional Certificate in Andriod Programming Course | ၈ ပတ် | ၁၇-၈-၂၀၂၂ | ၃၀ ဦး |
| (၃) | Oracle Database 11 g Course (SQL,PL/SQL and DBA) | ၃ ပတ် | ၇-၆-၂၀၂၂ | ၁၈ ဦး |
| (၄) | Cisco Networking Academy Course (CCNA:Routing & Switching) | ၉ ပတ် | ၇-၆-၂၀၂၂ | ၁၂ ဦး |

၂။ အမှတ်စဉ်(၁)သင်တန်းအတွက် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး မိမိ၏ပရိုဂရမ်စွမ်းရည်ကို အခြေခံ၍ Java Programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၃။ အမှတ်စဉ် (၂)သင်တန်းအတွက် IMCEITS သင်တန်းဌာနမှ Professional Diploma in Java Programming Course (သို့မဟုတ်) Professional Diploma in Wireless and Mobile Computing Course သင်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်)ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering Course သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ်(၃)သင်တန်းအတွက် Oracle Database အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၄)သင်တန်းအတွက် ICTTI သင်တန်းဌာနမှ Professional Diploma in Network Engineering Course သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၆။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် ၉:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအထိ အချိန်ပြည့် သင်တန်းများဖြစ်သည်။

၇။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/B.C.Tech/B.Tech(IT)/B.Tech(EC)/B.E(EC)/B.E(IT)/B.Sc(Computer Science)/ M.C.Sc/ M.C.Tech/ M.I.Sc/ M.A.Sc/M.E(IT)/ M.E(EC)/ M.Sc(Computer Science)ဘွဲ့တစ်ခုခု ရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် နိုင်ငံသားများဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုစာပါရှိရမည်။

(င) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၈။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်တွင် ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

**နေ့ရက်** - ၅-၄-၂၀၂၂ ရက်(အင်္ဂါနေ့)
**အချိန်** - နံနက် ၁၀:၀၀ နာရီ

၉။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ကျောင်းသားရေးရာဌာနသို့ ၃၀-၃-၂၀၂၂ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၀။ အခြားသိရှိလိုသည်များရှိပါက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၊ ပါရမီလမ်း ဖုန်း-၀၁-၆၆၁၇၁၄၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၅၂၅၄၂၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၈၄၉၇၂ M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာအောင် ၃/ကဆက(နိုင်)၀၇၂၅၂၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့ကရိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၁၂၂၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်)၁၃၁၆၃၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(၅၃၆)၊ ဧရိယာ ၀ ဒသမ ၀၈၅ ဧကရှိ ဒေါ်သိင်္ဂီဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၈၇/ ၂၀၂၁)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဦးကောင်းယုဝေ(ဘ)ဦးလှထွန်းမော် ၁၂/အစန(နိုင်)၂၃၁၈၂၃ မှ ဒေါ်ခင်နန်းယု(ဘ)ဦးမောင်ငွေ ၁၂/မဂဒ(နိုင်)၀၀၇၈၉၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/31683 Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုအောင် ၈/မဘန(နိုင်)၀၈၇၄၂၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဆလိုင်းမင်းဇော်အောင် ၈/တတက(နိုင်)၂၅၄၅၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၈၁၀၄၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်မော်စန်း ၁၀/မဒန(နိုင်)၂၀၈၈၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ဥပဒေရေးရာဝန်ကြီးဌာန
## စာအုပ်ထုတ်ဝေရေးကော်မတီက ထုတ်ဝေလျက်ရှိသော-

- ဥပဒေဘာသာပြန်အမှတ်(၁)၊ တန်ဖိုး(၃၅၀၀)
- ဥပဒေဘာသာပြန်အမှတ်(၂)၊ တန်ဖိုး(၃၅၀၀)
- ဥပဒေဘာသာပြန်အမှတ်(၃)၊ တန်ဖိုး(၃၅၀၀)
- ဥပဒေဘာသာပြန်အမှတ်(၄)၊ တန်ဖိုး(၃၅၀၀)
- ဥပဒေဘာသာပြန်အမှတ်(၅)၊ တန်ဖိုး(၃၅၀၀)
- ဥပဒေဘာသာပြန်အမှတ်(၆)၊ တန်ဖိုး(၃၅၀၀)
- ဥပဒေဘာသာပြန်အမှတ်(၇)၊ တန်ဖိုး(၃၅၀၀)
- ဥပဒေဘာသာပြန်အမှတ်(၈)၊ တန်ဖိုး(၃၅၀၀)
- ဥပဒေဘာသာပြန်အမှတ်(၉)၊ တန်ဖိုး(၁၀၀၀၀)
- ဥပဒေဘာသာပြန်အမှတ်(၁၀)၊ တန်ဖိုး(၄၅၀၀)
- ဥပဒေဘာသာပြန်စာအုပ်အမှတ်(၁)မှ (၁၀)အထိ ၊ တန်ဖိုး(၄၂၅၀၀)

ဥပဒေရေးရာဝန်ကြီးဌာန စာအုပ်အရောင်းဆိုင်တွင်ဝယ်ယူရရှိနိုင်ပါသည်။

အခြားဝယ်ယူလိုသည့် စာအုပ်အမျိုးအစားများနှင့်ဈေးနှုန်းများကို ဥပဒေရေးရာဝန်ကြီးဌာန Website (www.oag.gov.mm) ၏ စာအုပ်ဆိုင်တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အသေးစိတ်သိရှိလိုပါကဖုန်းနံပါတ်-**
**၀၆၇၃-၄၀၄၁၅၉၊ ၀၆၇၃-၄၀၄၁၄၉ တို့သို့ ဆက်သွယ်နိုင်ပါသည်။**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ တိုက်အမှတ် ၇၈၊ ၆ထပ်တိုက် အဆောက်အအုံရှိ (၃လွှာ/အေ)၊ ဒုတိယထပ်တိုက်ခန်း၊ အကျယ်အဝန်းအားဖြင့် (၁၁ ၁/၂ x ၄၈)ပေရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ဦးစည်သူစိုး ၁၄/ကပန(နိုင်)၁၄၆၆၉၅ နှင့် ဒေါ်နွယ်သဇင်ထွန်း ၁၄/ကပန(နိုင်)၁၅၄၄၁၁ တို့(၂)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများသည် ၁၃-၃-၂၀၂၂ရက်စွဲပါနှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်ကိုချုပ်ဆို၍ ဝယ်ယူရန် သဘောတူညီခဲ့ပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၇၃/ ၂၀၁၉)**
**အမှတ်(၁၆/A) ဖလွှာ၊ ပုညဝုဓ္ဓနလမ်း၊ မလွှကုန်းဈေးကွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၂၆၉၀၄**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်နှင်းလဲ့ဝေ (ဘ) ဦးအောင်မိုးမြင့် ၁၂/ဥကတ(နိုင်)၂၀၂၀၅၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းလဲ့ဝေသည် မည်သူတစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့များစွာဖြင့် ငွေကြေးအရှုပ်အရှင်းကိစ္စများ လုံးဝ၊ လုံးဝပြုလုပ်ထားသူမဟုတ်ပါ။ သို့သော်အချို့သောပုဂ္ဂိုလ်များနှင့် လူတစ်စုတို့သည် လူမှုကွန်ရက်အင်တာနက်မှ တစ်ဆင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ ခွင့်ပြုချက်မရှိဘဲ ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းလဲ့ဝေ၏ ဓာတ်ပုံများနှင့် ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများ၊ မဟုတ်မမှန်သော အရေးအသားများ ဖြန့်ဝေခဲ့သည်ကို တွေ့ရှိရပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ လူမှုကွန်ရက် အင်တာနက်မှ ဖြန့်ဝေခဲ့သည့် မှတ်တမ်းများကို ပြန်လည်ဖျက်သိမ်းပေးကြပါရန်နှင့် ထပ်ဆင့်ဖြန့်ဝေမှုများ မပြုလုပ်ကြပါရန် ယနေ့မှစ၍ နောက်နောင်တွင်လည်း ဒေါ်နှင်းလဲ့ဝေ၏ ဓာတ်ပုံအပါအဝင် ကာယကံရှင်၏ အကြောင်းအရာများအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းလဲ့ဝေ၏ ခွင့်ပြုချက်မရှိဘဲ ကူးယူခြင်း၊ ရေးသားခြင်း မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ထိုသို့ ပြုလုပ်သည်များကို ထပ်မံတွေ့ရှိရပါက တရားဥပဒေအရ အမှုဖွင့် အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်နှင်းလဲ့ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝေထွန်း(LL.B)**
**အထက်တန်းရှေ့နေ**
**တိုက်(B/146)၊ မုဒိတာအိမ်ရာ၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၁၀၉၁၅၈၈၊ ဖုန်း-၀၉-၇၅၉၆၉၇၅၉၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/သီရိရတနာ)၊ မြေကွက်အမှတ်(၁၀၃-အေ၊ ၁၀၃-ဘီ)၊ ဧရိယာ ၀ ဒသမ ၉၁၈ဧကရှိ ဦးမြစိုး ၁၄/မအပ(နိုင်)၁၈၅၆၄၅အမည်ပေါက် (၂)ကွက်တွဲ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေကွက်အမှတ်(၁၀၃-အေ)၊ မြေဧရိယာ ၀ ဒသမ ၄၅၉ဧကအား မြေငှားစာချုပ်စာအုပ် တစ်အုပ်၊ မြေကွက်အမှတ်(၁၀၃-ဘီ)၊ မြေဧရိယာ ၀ ဒသမ ၄၅၉ဧကအား မြေငှားစာချုပ် တစ်အုပ်ဖြင့် မြေငှားစာချုပ်ခွဲစိတ်ခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(ဇ-၆၀၃၁)၊ ဧရိယာ ၀ ဒသမ ၁၁၈ ဧကရှိ ဒေါက်တာကြည်ဝေသိမ့် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခိုင်အေးချမ်း (ဘ) ဦးအောင်မြင့် ၁၃/မမတ(နိုင်)၀၄၀၂၄၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ဦးပြည့်ဖြိုးဟန်(မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာရသူ) (ဘ) ဦးစံသိန်း ၁၀/သဖရ(နိုင်)၁၀၈၇၃၈ မှ မြေငှားစာချုပ် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၉၃/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

❖ နိုင်ငံမငြိမ်မသက်ဖြစ်ခြင်းရဲ့ အကျိုးဆက်များဟာ ကမ္ဘာတစ်ဝန်းမှာ နမူနာပေါင်း များစွာရှိနေပါတယ်။

❖ တပ်မတော်ဟာ ကိုယ်ကျိုးရှာသည့်အဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် တည်ရှိနေသော အဖွဲ့အစည်းမဟုတ်ပါဘူး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အကာအကွယ်ပေးဖို့ တည်ရှိတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ပြည်သူနဲ့ပူးပေါင်းပြီး ဦးလည်မသုန် ဆောင်ရွက်ခဲ့သလို ယခု ၁၀ နှစ်အတွင်းမှာလည်း ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပီပြင်ခိုင်မာရေးအတွက် တတ်စွမ်းသလောက် သစ္စာရှိရှိ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလမ်းစဉ်အတိုင်း ကတိတည်စွာနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။

❖ ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ခြုံငုံသုံးသပ်ကြည့်ပါက ပြည်တွင်း/ပြည်ပ အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ လိုလားချက်မှာ ဒီမိုကရေစီထက် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်နေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်သူများကို ကာကွယ်ရန်ဖြစ်ပြီး မင်းမဲ့စရိုက် အဖြစ်မခံနိုင်ပါဘူး။ လျစ်လျူရှုလို့လည်း မရပါဘူး။ ဒါကြောင့် အချို့နေရာများမှာ စွန့်စားပြီး ပေးဆပ်ကာကွယ်ရခြင်းဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း PDF အကြမ်းဖက်သမားများက ဒေသခံကျေးရွာများရှိ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက်သတ်ဖြတ်ပြီး လူနေအိမ်များ မီးရှို့ဖျက်ဆီး

နေပြည်တော် မတ် ၁၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်သာကျေးရွာအုပ်စု ငွေးချိုကျေးရွာနေ စည်သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝေလွင်၏ နေအိမ်သို့ မတ် ၁၃ ရက် နံနက်ပိုင်းက PDF အကြမ်းဖက်သမား ၂၀ ခန့် ရောက်ရှိလာပြီး သေနတ်များပစ်ဖောက်၍ နေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ရာလူ တစ်ဦးတစ်ယောက်မျှ မတွေ့ရှိရသဖြင့် နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့ပြီး ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း*စာမျက်နှာ ၁၃ ကော်လံ ၃* ❖



ရေစကြိုမြို့နယ်ဖြစ်စဉ်မှ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် နေအိမ်များကို မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နေစဉ်။

## သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

နေပြည်တော် မတ် ၁၄

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၅) နှင့် (၁၆) တွင် ဖော်ပြထားပါသည်။

## ၂၀၂၂ ခုနှစ်အတွင်း မြန်မာ-တရုတ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ ကြံတန်ချိန် ၃၇၀၀၀ ကျော် တင်ပို့နိုင်ခဲ့

နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံဘက်သို့ ၂၀၂၂ခုနှစ်အတွင်း ယူနန်-ချင်းရွှေဟော်နယ်စပ်အဝင်အထွက် စစ်ဆေးရေးဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ ကြံသယ်ယူပို့ဆောင်ရေးယာဉ် ၃၈၃၁ စီး ဝင်ရောက်ခဲ့ပြီး ကြံတန်ချိန် ၃၇၄၀၀ ကို တင်သွင်းခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

နှစ်စဉ် နိုဝင်ဘာလမှ ဧပြီလအထိသည် မြန်မာနိုင်ငံတွင် ကြံရိတ်သိမ်းရာသီဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှု ခံနေရချိန်တွင် ကြံတင်သွင်းတင်ပို့မှုကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းရှိ ချင်းရွှေဟော်နယ်စပ် အဝင်အထွက်စစ်ဆေးရေးဂိတ်မှတစ်ဆင့် တင်သွင်းနိုင်ရေး နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပြီးနောက်*စာမျက်နှာ ၁၁ ကော်လံ ၅* ◆

ယနေ့ သတင်း အညွှန်း

ကိုဗစ်-၁၉ ကာလအတွင်း ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်သမားစေလွှတ်ခြင်း လုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ်နှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက် — ပြည်တွင်းသတင်း စာ - ၁၁

ယခုနှစ်အတွက် နိုဘယ်ဆုပေးပွဲအခမ်းအနားနှင့် ပတ်သက်၍ အစီအစဉ်များ ကြေညာ — နိုင်ငံတကာသတင်း စာ - ၁၄

မတ် ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၈၀ တွေ့ရှိ — ပြည်တွင်းသတင်း စာ - ၁၈